# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၆၆)၊ ၁၃၇၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၂၃-၅-၂၀၁၆၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

“နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့
ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့”

- ၅ နှစ်အရွယ်ကလေးများကို သူငယ်တန်း(KG)သို့ အပ်နှံရန်။
- ၆ နှစ်အရွယ်ကလေးများကို ပထမတန်း(Grade 1) သို့ အပ်နှံရန်။

## ကျောင်းအပ်နှံရေးသီတင်းပတ်
(၂၅-၅-၂၀၁၆ ရက်နေ့မှ ၃၁-၅-၂၀၁၆ ရက်နေ့ထိ)

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားမှု ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**အခြေခံပညာကျောင်းများမှာ အခမဲ့ပညာရေးစနစ်ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်**

နေပြည်တော် မေ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးသည် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် “ကျောင်းအပ်နှံရေးသီတင်းပတ်” အတွင်း ကျောင်းအပ်နှံရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုစစ်ဆေး**

ဦးစွာ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး သီရိရတနာခန်းမနှင့် စာသင်ခန်းများတွင် “ကျောင်းအပ်နှံရေးသီတင်းပတ်”အတွင်း ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ကျောင်းအပ်နှံနိုင်ရေး စနစ်တကျစီမံထားရှိမှု၊ အခမဲ့ထောက်ပံ့ပေးသွားမည့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ စာရေးကိရိယာများ၊ ဗလာစာအုပ်များနှင့် ကျောင်းဝတ်စုံများ ပြင်ဆင်ထားရှိမှု၊ စာကြည့်တိုက်နှင့် အသစ်ဖွင့်လှစ်မည့် ဖုဆယ်ကွင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် စိတ်ချမ်းမြေ့စွာ သင်ယူနိုင်ရန်နှင့် စာကြည့်တိုက်တွင်

စာမျက်နှာ ၃ သို့ ☆

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မေ ၂၂

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၂၂

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာကျဲကျဲ၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက် မိုးလေဝသ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ နေပြည်တော်တွင် နေရာကျဲကျဲနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၆ ခုနှစ်၊ မေ ၂၃ ရက်၊ စနေနေ့။
မန္တလေး နေ့စဉ်

## နိုင်ငံ့ဝန်ထမ်းများ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို ရိုးသားကြိုးစားစွာ ထမ်းဆောင်ကြရမည်

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အရည်အချင်းပြည့်ဝကျွမ်းကျင်မှု၊ လုံ့လ၊ ဝီရိယနှင့် တာဝန်ကျေပွန်မှု၊ စိတ်ဓာတ်နှင့် စည်းကမ်းတို့ ကောင်းမွန်ကာ ကျင့်ဝတ်ကို ထိန်းသိမ်းရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန် ကောင်းစွာ မြှင့်တင်နိုင်မည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းသည် ချမှတ်ထားသော စည်းကမ်းများကို လိုက်နာ၊ ကျင့်ဝတ်များကို စောင့်ထိန်း၍ မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရမည်သာဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ တည်ဆဲဥပဒေကို လေးစားလိုက်နာခြင်း၊ ပြည်သူ့အကျိုးစီးပွားကို အလေးထားဆောင်ရွက်ခြင်း၊ တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ၊ ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ရမည်ဖြစ်သည်။

လုပ်ငန်းကျွမ်းကျင်မှု အဆင့်မြင့်မားစေရန်နှင့် အရည်အချင်း၊ စွမ်းဆောင်ရည်တိုးတက်နေစေရန် အစဉ်ကြိုးစားခြင်း၊ အထက်ကပေးအပ်သည့် အမိန့်ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ခြင်း၊ ပြည်သူပိုင်ပစ္စည်းနှင့် ပြည်သူ့ဘဏ္ဍာငွေ ယိုဖိတ်ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ညွှန်ကြားချက်များကို လိုက်နာခြင်း၊ အကျင့်စာရိတ္တ ပျက်ပြားမှုနှင့် သိက္ခာကင်းမဲ့စွာ ပြုမူမှုတို့ကို ရှောင်ကြဉ်ခြင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာလာဘ်ပေး လာဘ်ယူမှုကို ရှောင်ကြဉ်ခြင်း၊ မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာမှုကို ရှောင်ကြဉ်ခြင်း၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဌာနဆိုင်ရာပစ္စည်းများကို ခွင့်ပြုချက်မရှိဘဲ မသုံးစွဲခြင်း၊ နိုင်ငံတော်ကို အကြည်ညိုပျက်စေမည့် စာအုပ်၊ စာတမ်းရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်းတို့ မပြုလုပ်ခြင်း၊ နိုင်ငံတော်၏ လုံခြုံရေးနှင့် ငြိမ်ဝပ်ပိပြားရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင်ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းမှ ရှောင်ကြဉ်ခြင်း ဟူသော ဝန်ထမ်းကျင့်ဝတ်များကို စောင့်ထိန်းကြရမည်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် စိတ်ကောင်း စေတနာကောင်းဖြင့် ရိုးသားကြိုးစား တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အလျောက် ထူးချွန်ကောင်းမွန်သည့်ဝန်ထမ်းများမှာ ထိုက်တန်သည့် ချီးမြှင့်မှုများရရှိကြသလို အကျင့်ပျက်ဝန်ထမ်း၊ ဝန်ထမ်းဆိုးများမှာမူ အပြစ်ပေးမှု၊ အရေးယူမှုများကို ရင်ဆိုင်ကြုံတွေ့ကြရမည်သာဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို စိတ်အားထက်သန်စွာ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

အကျင့်စာရိတ္တကောင်းမွန်သူ၊ ကျင့်ဝတ်စောင့်ထိန်းသူများအဖြစ် မိမိတို့ကိုယ်ကို ဖြည့်ဆည်းကြိုးပမ်းကြရမည်ဖြစ်သည်။ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဟူသော ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများသည် ရိုးသားကြိုးစားစွာ နိုင်ငံ့တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## စက်မှု၊ စိုက်ပျိုးမွေးမြူရေး ဘာသာရပ်ဆိုင်ရာ သင်တန်းဖွင့်လှစ်

**မင်းဘူး မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၌ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် Grade-10၊ Grade-11၊ Grade-12 သင်ကြားရေးတာဝန်ယူကြမည့် ဆရာ၊ ဆရာမများအတွက် စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထူးပြုဘာသာရပ်ဆိုင်ရာ သင်တန်းကို ယနေ့နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။

ထိုသို့ သင်ကြားရာတွင် အခြေခံပညာ အလယ်တန်းအဆင့် (Grade - 6၊ 7၊ 8၊ 9)အတန်းများအား စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဘာသာရပ်ဆိုင်ရာ အခြေခံဗဟုသုတများ ရရှိလာစေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်အရ သင်ကြားပို့ချပေးနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး၊ ရရှိလာသည့် ပညာရပ်ဆိုင်ရာ ဗဟုသုတများအပေါ်မူတည်၍ ရွေးချယ်လာသော စိုက်ပျိုးရေး၊ မွေးမြူရေးဘာသာရပ်များကို Grade-10၊ Grade-11၊ Grade-12 အဆင့်တွင် ဆက်လက်သင်ယူပြီး သက်ဆိုင်ရာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးဆိုင်ရာ တက္ကသိုလ်တို့တွင် တက်ရောက်သင်ယူကာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရမည်ဖြစ်သည်။

မင်းဘူး(စကု)မြို့နယ်တွင် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်ဆိုင်ရာ သင်တန်းတက်ရောက်သူ အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၇၉ ဦး၊ စုစုပေါင်း ၉၁ ဦးနှင့် သင်တန်းနည်းပြ ခြောက်ဦးဖြင့် မေ ၂၂ ရက်မှ ၂၆ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၄)

## စားအုန်းဆီများအား ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိ

**ကန့်ဘလူ မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကန့်ဘလူမြို့နယ်၌ ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ၊ ဝန်ထမ်းများ ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူနိုင်ရေးအတွက် အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီများကို ရောင်းချပေးလျက်ရှိရာ ယနေ့နံနက် ၉ နာရီက ကန့်ဘလူမြို့၊ အမှတ်(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ရောင်းချပေးခဲ့သည်။

ထိုသို့ရောင်းချပေးရာတွင် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၏ ဦးဆောင်မှုဖြင့် ဆီလုပ်ငန်းရှင်များ၊ ဆီကုန်သည်ကြီးများ အသင်းတို့ ပူးပေါင်း၍ ပြည်သူတစ်ဦးလျှင် စားအုန်းဆီ တစ်ပိသာငွေကျပ် ၈၈၀၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးခဲ့သည်။

ထို့ပြင် ကျန်ရပ်ကွက်များတွင်လည်း အဖွဲ့များခွဲ၍ ရောင်းချပေးလျက်ရှိကြောင်းနှင့် အဆိုပါ စားအုန်းဆီရောင်းချပေးခြင်းကို တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း**

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydaily- newspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



နွားထိုးကြီးမြို့ မြို့နယ်ပညာရေးမှူးရုံးရှေ့တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းအပ်နှံရေး မြေစိုက်ပိုစတာကို မေ ၂၁ ရက် နံနက် ၉ နာရီက စိုက်ထူခဲ့ပြီး နယ်မြေခံတပ်မှ တာဝန်ရှိသူများ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးတို့က အမွှေးနံ့သာရည်များ ပက်ဖျန်းပေးစဉ်။

တင့်လွင်ဦး

## မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြော

**မန္တလေး မေ ၂၂**

ဌာနဆိုင်ရာ ရုံးအဆောက်အအုံများတွင် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေးနှင့် မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ မန္တလေး လူငယ်သင်တန်းကျောင်းရှိ ဘက်စုံသုံးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲသို့ မန္တလေး လူငယ်သင်တန်းကျောင်းအုပ်ကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွန်းနှင့် ဆရာ၊ ဆရာမများ၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးဇော်မျိုးထက်နှင့် သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသားများ တက်ရောက်ကြပြီး ခရိုင်မီးသတ်ဦးစီးမှူးက အမှာစကားပြောကြားခဲ့ပြီး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးစီးအရာရှိက မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ 191 Report Application အသုံးပြုစေရန် ရှင်းလင်းပြသခြင်းနှင့် ကျောင်းသားများအား မီးသတ်ဆေးဘူးများဖြင့် လက်တွေ့သရုပ်ပြသငြိမ်းသတ်ခြင်း၊ ရုံးအဆောက်အအုံနှင့် အိမ်ဆောင်များအား မီးဘေးလုံခြုံရေး စစ်ဆေးဆောင်ရွက်ခြင်းနှင့် အကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၄)



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

☆ ရှေ့ဖုံးမှ

စာပေဖတ်ရှုလေ့လာသည့် အလေ့အထကောင်းများ ရှိစေရေး ဆောင်ရွက်သွားရန်၊ ဘာသာရပ်အလိုက် ဆရာ ဆရာမများ တာဝန်ချထားမှုနှင့် စာသင်ချိန်ဇယားများ စနစ်တကျရေးဆွဲ ပြင်ဆင်ထားရှိရန်၊ ကာယအချိန်တွင် ကျောင်းသား ကျောင်းသူများ ခန္ဓာကိုယ်ကျန်းမာကြံ့ခိုင်စေရန်နှင့် အသင်းအဖွဲ့အလိုက် ပူးပေါင်းဆောင်ရွက်တတ်စေရေး လေ့ကျင့်သင်ကြားပေးရန်၊ မိဘဆရာအသင်းများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့နှင့် ပူးပေါင်း၍ ကျောင်းဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရန်၊ ကျောင်းကြို/ ပို့ယာဉ်များ စနစ်တကျစီစဉ်ထားရှိရန် မှာကြားသည်။

ထို့နောက် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ပညာ့ဗိမာန်ခန်းမနှင့် စာသင်ခန်းများတွင် ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းတွင် အသစ်ဖွင့်လှစ်မည့် ဖူဆယ်ကွင်းကို ကြည့်ရှုစစ်ဆေးစဉ်။

ပေးမည့်ပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ သင်ကြားသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြင်ဆင်ထားရှိမှု၊ ပညာ့ဘဏ်စာကြည့်တိုက်နှင့် ကျောင်းဘုရားခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ကိုယ်ကျင့်တရား ကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် ပျိုးထောင်ပေးကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးရန် မှာကြားသည်။

ယင်းနောက် နေပြည်တော် ဇေယျာသီရိမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအပ်နှံနိုင်ရေးနှင့် အခမဲ့ထောက်ပံ့ပေးမည့် ပစ္စည်းများ စနစ်တကျ ပြင်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်အနေဖြင့် အသိပညာ၊ အတတ်ပညာ ပြည့်စုံသော လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ် ပေးနိုင်သည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် ကျရာကဏ္ဍမှ ပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းများတွင် မူလတန်းမှ အထက်တန်းအဆင့်အထိ ကျောင်းအပ်နှံရေးကို မေ ၂၅ ရက်မှ ၃၁ ရက်အထိ စနေ၊ တနင်္ဂနွေ အပါအဝင် ပိတ်ရက်မရှိ လက်ခံဆောင်ရွက်သွားမည်ဖြစ်ပြီး ဇွန် ၁ ရက်တွင် အခြေခံပညာ ကျောင်းများကို စတင်ဖွင့်လှစ်သွားမည် ဖြစ်သည်။ ကျောင်းအပ်နှံရာတွင် မူလတန်းအဆင့်အတွက် သင်ရိုးညွှန်းတမ်းပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ လေးချောင်းနှင့် ကျောင်းဝတ်စုံ တစ်စုံ၊ အလယ်တန်းနှင့် အထက်တန်းအဆင့်တို့တွင် သင်ရိုးညွှန်းတမ်း ပုံနှိပ်စာအုပ်တစ်စုံ၊ ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံနှစ်ချောင်းနှင့် ဘောပင် နှစ်ချောင်းတို့ကို နိုင်ငံတော်က အခမဲ့ထောက်ပံ့ ပေးအပ်သွားမည့်အပြင် အခြေခံပညာကျောင်းများတွင် အခမဲ့ပညာရေးစနစ် ဖြစ်သောကြောင့် ကျောင်းဝင်ကြေးနှင့် အခြားမည်သည့်ကြေးမျှ ပေးသွင်းရန်မလိုဘဲ အခမဲ့အပ်နှံနိုင်ကြောင်း သိရသည်။

သတင်းစဉ်

★ **ကျောင်းသား ကျောင်းသူများ အသိပညာ၊ အတတ်ပညာ တတ်မြောက်ရေးသာမက ကိုယ်ကျင့်တရား ကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်အောင် ပျိုးထောင်ပေးကြရန်၊ ဗလငါးတန်နှင့် ပြည့်စုံပြီး အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၌ အသုံးပြုခဲ့သော မြန်မာအီလက်ထရောနစ် မဲပေးစက်များ ထိန်းသိမ်းထားရှိမှု ကြည့်ရှုစစ်ဆေး



မုံရွာ မေ ၂၂

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုးသည် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးအောင်လွင်ဦး၊ ဦးမြင့်သိန်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိမြန်မာအီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ တိုင်းဒေသကြီး ကြီးကြပ်မှုအဖွဲ့၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

ဦးစွာပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ကျင်းပပြီးစီးခဲ့သည့် ရွေးကောက်ပွဲသည် လွပ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ ပြည်သူလူထုထောက်ခံသည့် ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်နိုင်ခဲ့ကြောင်း၊ သို့ဖြစ်၍ နောင်ကျင်းပမည့် ရွေးကောက်ပွဲများကိုလည်း MEVM မဲပေးစက်များဖြင့် ဆောင်ရွက်နိုင်ရေး ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ အတွေ့အကြုံ၊ အခက်အခဲနှင့် လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် မြန်မာအီလက်ထရောနစ်မဲပေးစက်များ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားကာ ခရိုင်နှင့်မြို့နယ် ကော်မရှင်ရုံးများ၌ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကား ပြောကြားသည်။

ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် နယ်မြေဒေသအခြေအနေအရ အကြောင်းအမျိုးမျိုးကြောင့် မုံရွာမြို့၊ စစ်ကိုင်းမြို့တို့တွင် ရောက်ရှိနေသော ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

ခရိုင်(ပြန်/ ဆက်)



# အရေးပေါ်သွေးလိုအပ်နေသူများအတွက် သွေးလှူဒါန်းခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြု

**မိုင်းယောင်း မေ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမ၌ ယမန်နေ့က အရေးပေါ်သွေးလိုအပ်နေသူများအတွက် သွေးလှူဒါန်းခဲ့သည့် မြို့နယ်ထွေ/အုပ် ဝန်ထမ်းများအား ဂုဏ်ပြုခဲ့သည်။

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုတို့က အရေးပေါ်သွေးလိုအပ်နေသူများအတွက် သွေးလှူဒါန်းခဲ့ကြသည့် မြို့နယ်ထွေ/အုပ် ဝန်ထမ်းများအား အာဟာရကြက်ဥ၊ ကွေကာအုပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ထို့နောက် မြို့နယ်ထွေ/အုပ်ရုံး၌ ပြည်သူ့စစ်မှုထမ်းနှင့်ပတ်သက်၍ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးပြီး အမှတ်(၉)ရပ်ကွက်နေ မြို့နယ်ထွေ/အုပ် ဝန်ထမ်းတစ်ဦး၏ဖခင် နာတာရှည် လေဖြတ်ရောဂါခံစားနေမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးရုံတက်ရောက် ဆေးကုသမှုခံယူနေသော မြို့နယ်ထွေ/အုပ် ဝန်ထမ်းများအား သွားရောက်ကြည့်ရှု၍ အားပေးစကားပြောကြားကာ ကျန်းမာရေးစရိတ်များ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**စိုင်းအောင်စော်လင်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် Nizhny Novgorod State Technical University သို့ သွားရောက်လေ့လာ၊ မြန်မာပညာတော်သင် ကျောင်းသားများနှင့် တွေ့ဆုံ



နေပြည်တော် မေ ၂၂

ရုရှားဖက်ဒရေးရှင်းနိုင်ငံ Nizhny Novgorod မြို့၌ ရောက်ရှိနေသော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့နံနက်ပိုင်းက Nizhny Novgorod State Technical University(NNSTU) တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံရှိ တက္ကသိုလ်များနှင့် NNSTU တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးကြသည်။

## ကြည့်ရှုလေ့လာ

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် တက္ကသိုလ်ရှိစာသင်ခန်းများနှင့် လက်တွေ့ခန်းများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် Nizhny Novgorod မြို့၌ ပညာတော်သင်ရောက်ရှိနေကြသော ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

ဆက်လက်၍ ANO Gorky Tech သို့သွားရောက်ပြီး ဒေသတွင်းအိုင်တီကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုလေ့လာသည်။

ANO Gorky Tech သည် အစိုးရမဟုတ်သော အကျိုးအမြတ်မယူသည့်အဖွဲ့အစည်း(Autonomous Non-Profit Organization-ANO)ဖြစ်ပြီး ဒေသတွင်းအိုင်တီကုမ္ပဏီများကို အကူအညီပေးရန်၊ နည်းပညာကုမ္ပဏီအသစ်များကို မြေတောင်မြှောက်ပေးရန်၊ ဒေသ၏ ဒီဂျစ်တယ်ကဏ္ဍတစ်ခုလုံးကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသည့် အိုင်တီဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာနတစ်ခုဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ





နေပြည်တော် မေ ၂၂

၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၃၉) သစ်တောဦးစီးဌာန အင်ကြင်းခန်းမ၌ကျင်းပရာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပါမောက္ခချုပ်၊ အရာထမ်း/အမှုထမ်းများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့၏ ဆောင်ပုဒ်ဖြစ်သော "ကမ္ဘာ့ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းဖို့ ရပ်ရွာဒေသမှ စတင်ဆောင်ရွက်စို့ (Acting Locally for Global Impact)"ဟူသည့် ဆောင်ပုဒ်အရ ဇီဝမျိုးစုံမျိုးကွဲများ ပျက်စီးဆုံးရှုံးမှုကို ကာကွယ်ရန် မိမိတို့ရပ်ရွာဒေသမှစ၍ လူ့အဖွဲ့အစည်းတစ်ရပ်လုံး ပါဝင်သောချဉ်းကပ်မှုဖြင့် အခြေပြု စတင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ၁၉၉၅ ခုနှစ်မှစ၍ ပါဝင်ခဲ့ပြီး မြန်မာ့ဒေသရင်း အပင်မျိုးစိတ် ၈၆၄ မျိုး၊ နို့တိုက်သတ္တဝါ မျိုးစိတ်ကိုးမျိုး၊ ငှက်မျိုးစိတ် ၁၀ မျိုးနှင့် တွားသွားသတ္တဝါ မျိုးစိတ် ၂၁ မျိုးတို့ကို မှတ်တမ်းတင်ထားနိုင်ခဲ့ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးအတွက် သဘာဝထိန်းသိမ်းရေးနယ်မြေ ၆၂ ခုကို ဖွဲ့စည်းထားပြီးဖြစ်သည့်အပြင် ယူနက်စကိုလူသားနှင့် ဇီဝအဝန်းနယ်မြေနှစ်ခု၊ ရမ်ဆာရေဝပ်ဒေသ ခုနစ်ခု၊ အာဆီယံအမွေအနှစ် ဥယျာဉ်ရှစ်ခုနှင့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်း ကွန်ရက် ရှစ်ခုတို့ကို သတ်မှတ်နိုင်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် ဇီဝမျိုးစုံမျိုးကွဲများကို ကာကွယ် ထိန်းသိမ်းခြင်းကို လက်တွေ့နေ့စဉ်လုပ်ဆောင်ချက်များမှတစ်ဆင့် ဒေသအဆင့်၊ နိုင်ငံအဆင့် စသည်ဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးရခြင်း၏ အကြောင်းအရင်းများကို လျှော့ချဆောင်ရွက်ခြင်း မပြုလုပ်ပါက လာမည့် ဆယ်စုနှစ်များအတွင်း မျိုးစိတ်ပေါင်း တစ်သန်းခန့် မျိုးသုဉ်းပျောက်ကွယ်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ သစ်တောများသည် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းခြင်းအတွက် အခြေခံအကျဆုံးဖြစ်သည့်အပြင် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်လျှော့ချရေး အတွက်လည်း အလွန်အရေးပါသဖြင့် သစ်တောဂေဟစနစ်များ၏ အရင်းအမြစ်ဖြစ်သော သစ်တောကြီးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများအား တိုးချဲ့ဖွဲ့စည်းခြင်းဖြင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းသည် လက်ရှိကာလသာမက အနာဂတ်အတွက် ကတိကဝတ်အဖြစ် သတ်မှတ်၍ အစိုးရ၊ ပုဂ္ဂလိကနှင့်ဒေသခံပြည်သူများပါ ပူးပေါင်းပါဝင်လာစေရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် Video clip ကို ပြသပြီး ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးနေ့ အခမ်းအနားတွင် ခင်းကျင်းပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း တောင်ငူခရိုင်အတွင်း သမဝါယမစနစ် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာ တောင်ကုန်းကျောင်းဓမ္မာရုံ၌ နွေစပါးစိုက်တောင်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တောင်သူများ၏ ဒေသဖွံ့ဖြိုးရေးတင်ပြချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် တောင်ငူမြို့ (၂)ရပ်ကွက်ရှိ "DTH" Speciality Coffee လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှု၊ တောင်ငူမြို့နယ် ပတ်တန်း-ထီးလှိုင် ကျေးရွာချင်းဆက်လမ်း ကျောက်ရောမြေခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပဲခူးမြို့နယ် ပြည်တော်အေးကျေးရွာရှိ ဥသျှောစိုက်ပျိုးရေးနှင့် မွေးမြူရေး ကုန်ထုတ်သမဝါယမအသင်း၏ ငါးမွေးမြူရေးနှင့် ဒေသကြက်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ပဲခူးမြို့နယ် တပ်ကလေးကျေးရွာအုပ်စု တပ်ကလေးမြောက်စုကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရက်(၁၀၀)စီမံချက်ဖြင့် တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်

ပုသိမ်ကြီး မေ ၂၂

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ရက်(၁၀၀) စီမံချက်ဖြင့် တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများပေးအပ်ပွဲကို မေ ၂၀ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမန်နေဂျာ ဒေါ်မာလာသိန်းက ၂၀၂၆ ခုနှစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် တောင်သူများအား မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခြင်းအပေါ် ရှင်းလင်းပြောကြားပြီး တောင်သူများကိုယ်စား တောင်သူလေးဦးက ချေးငွေများကို လက်ခံရယူ၍ တာဝန်ရှိသူများက အသီးသီးပေးအပ်ကြသည်။ စပါးတစ်ဧကလျှင် ငွေကျပ် သုံးသိန်း၊ ပဲမျိုးစုံ ၁၈ မျိုးတစ်ဧကလျှင် ငွေကျပ် နှစ်သိန်းငါးသောင်းနှုန်းဖြင့် စုစုပေါင်း တောင်သူ ၉၄ ဦး၏ စပါး ၁၈၆ ဧကနှင့် ပဲမျိုးစုံ ၂၉၈ ဧကတို့အတွက် ချေးငွေပေါင်း ငွေကျပ် တစ်ထောင့်သုံးရာသုံးသိန်းအား ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်မြင့်နှင့် ဦးဟိန်းမင်းဦး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးပိုအေး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို မြင့်/ ဆက်**

၀-၀-၀-၀-၀-၀-၀-၀

**ကန်တော်ကြီး မန္တလာ**
**ဥယျာဉ်သာယာ**
**ပန်းအလှဝေဝေဆာ**
**အေးမြစွာအရိပ်၊**
**မန်းပျိုဖြူလှယဉ်ကျေးတို့**
**နားနေချွေးသိပ်။**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် ပြည်မြို့ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် သရေခေတ္တရာပြတိုက်အတွင်း ခင်းကျင်းပြသထားရှိမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၂

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ယနေ့တွင် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသ သရေခေတ္တရာမြို့ဟောင်းအတွင်းရှိ လျှပ်စစ်ကြောင့် ထိခိုက်ခဲ့သော ဘောဘောကြီးစေတီတော်ပြန်လည်ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်နေမှု၊ ပျူခေတ်သင်္ချိုင်းမြှုပ်နှံခဲ့သည့် အထောက်အထားများရှိသည့် အရိုးအိုးကုန်း(တူးဖော်မှုကုန်းအမှတ်-၅၃)နှင့် လျှပ်စစ်ကြောင့် ထိခိုက်ခဲ့သောလေးမျက်နှာဂူဘုရား ပြန်လည်ပြုပြင် ထိန်းသိမ်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း(ပြည်)၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ယဉ်ကျေးမှုအမွေအနှစ်များကို ရှာဖွေ၊ ဖော်ထုတ်၊ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း နှင့်ပတ်သက်၍ ပိုမိုကျယ်ပြန့်စွာသိရှိနိုင်စေရန်၊ ပြည်သူလူထုအား အသိပညာပေးဟောပြောခြင်းနှင့် စာသင်ကျောင်းများတွင် အသိပညာပေး Educated ပြုလုပ်၍ အသိပညာဗဟုသုတများ တိုးတက်အောင်ဆောင်ရွက်စေလိုကြောင်း မှာကြားကာ ရှေးဟောင်းပစ္စည်းများအား သိပ္ပံနည်းကျ သက်တမ်းတွက်ချက်သည့် Thermoluminescence Dating ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်မြို့ အလင်္ကာဟိုတယ်၌ ဌာနဆိုင်ရာများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ သရေခေတ္တရာဇုန်မှ တာဝန်ရှိသူများ၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ပြည်ဒေသသည် ပြည်ပခရီးသွားဧည့်သည်များ စိတ်ဝင်စားသည့်ဒေသတစ်ခုဖြစ်သည့်အပြင် ယဉ်ကျေးမှုကို အခြေခံသော ခရီးစဉ်ဒေသများစွာရှိသဖြင့် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် Media များတွင် ကြော်ငြာ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန်နှင့် ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းပူးပေါင်း၍ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၆-၂၀၂၇ ပညာသင်နှစ်"
## အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များ

၁။ ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေး အပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝမကောက်ခံပါ။

၂။ အခမဲ့ထောက်ပံ့မှုများမှာ

(က) သူငယ်တန်း (KG)
၁။ သင်္ချာအခြေခံ ၂။ ပုံဆွဲခြင်းနှင့် ဆေးခြယ်ခြင်း ၃။ သင်ယူမှုရလဒ်မှတ်တမ်း ၄။ ဗျည်းအက္ခရာ၊ ကိန်းဂဏန်းတွေအရေးကျင့်ကြမယ်စာအုပ် ၅။ ခဲတံ(၄)ချောင်း ၆။ ကျောင်းဝတ်စုံ(၁)စုံ

(ခ) ပထမတန်း (Grade 1)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဂ) ဒုတိယတန်း (Grade 2)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ်(၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(ဃ) တတိယတန်း (Grade 3)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဗလာစာအုပ် (၁)ဒါဇင် ၈။ ခဲတံ (၄)ချောင်း ၉။ ကျောင်းဝတ်စုံ(၁)စုံ

(င) စတုတ္ထတန်း (Grade 4)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ (၁)စုံ

(စ) ပဉ္စမတန်း (Grade 5)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ လူမှုရေး ၆။ စာရိတ္တနှင့်ပြည်သူ့နီတိ ၇။ ဘဝတွက်တာကျွမ်းကျင်စရာ ၈။ ကာယပညာ ၉။ အနုပညာ(ပန်းချီ) ၁၀။ အနုပညာ(ဂီတ) ၁၁။ ဗလာစာအုပ် (၁)ဒါဇင် ၁၂။ ခဲတံ (၄)ချောင်း ၁၃။ ကျောင်းဝတ်စုံ(၁)စုံ

(ဆ) ဆဋ္ဌမတန်း (Grade 6)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ စက်မှုအတတ်ပညာ ၁၃။ အခြေခံစိုက်ပျိုးရေးပညာ ၁၄။ အခြေခံမွေးမြူရေးပညာ ၁၅။ ဗလာစာအုပ် (၁)ဒါဇင် ၁၆။ ဘောပင် (၂)ချောင်း ၁၇။ ခဲတံ (၂)ချောင်း

(ဇ) သတ္တမတန်း (Grade 7)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ဈ) အဋ္ဌမတန်း (Grade 8)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂)ချောင်း

(ည) နဝမတန်း (Grade 9)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ သိပ္ပံ ၅။ ပထဝီဝင် ၆။ သမိုင်း ၇။ စာရိတ္တနှင့်ပြည်သူ့နီတိ ၈။ ဘဝတွက်တာကျွမ်းကျင်စရာ ၉။ ကာယပညာ ၁၀။ အနုပညာ(ပန်းချီ) ၁၁။ အနုပညာ(ဂီတ) ၁၂။ ဗလာစာအုပ် (၁)ဒါဇင် ၁၃။ ဘောပင် (၂)ချောင်း ၁၄။ ခဲတံ (၂) ချောင်း

(ဋ) ဒသမတန်း (Grade 10)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ) ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂)ချောင်း

(ဌ) ဧကာဒသမတန်း (Grade 11)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ (ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း)(ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဘဝတွက်တာကျွမ်းကျင်စရာ ၁၇။ ကာယပညာ (သို့မဟုတ်) အနုပညာ(ပန်းချီ) (သို့မဟုတ်) အနုပညာ(ဂီတ) ၁၈။ ဗလာစာအုပ် (၁)ဒါဇင် ၁၉။ ဘောပင် (၂)ချောင်း ၂၀။ ခဲတံ (၂) ချောင်း

(ဍ) ဒွါဒသမတန်း(Grade 12)
၁။ မြန်မာစာ ၂။ အင်္ဂလိပ်စာ ၃။ သင်္ချာ ၄။ ဓာတုဗေဒ ၅။ ဓာတုဗေဒလက်တွေ့ ၆။ ရူပဗေဒ ၇။ ရူပဗေဒလက်တွေ့ ၈။ ဇီဝဗေဒ ၉။ ဇီဝဗေဒလက်တွေ့ ၁၀။ ပထဝီဝင် ၁၁။ သမိုင်း ၁၂။ ဘောဂဗေဒ ၁၃။ သိပ္ပံ(ဓာတု၊ ရူပ၊ ဇီဝ) ၁၄။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ) ၁၅။ လူမှုရေးသိပ္ပံ(ပထဝီဝင်၊ သမိုင်း) (ဓာတု၊ ရူပ၊ ဘောဂ)ဘာသာတွဲ ၁၆။ ဗလာစာအုပ် (၁)ဒါဇင် ၁၇။ ဘောပင် (၂)ချောင်း ၁၈။ ခဲတံ (၂) ချောင်း

★ စာမျက်နှာ ၂၄ မှ

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနားစွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများဖြင့် လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့် လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

❖ ကမ္ဘာ့ဖလားမှ

မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းနှင့် တွေ့ဆုံပြီး နှစ်ပွဲ-တစ်ပွဲဖြင့် အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် ယခုပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစား သုံးမျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်ရာ သုံးယောက်တွဲပြိုင်ပွဲတွင် ငွေတံဆိပ်၊ လေးယောက်တွဲပြိုင်ပွဲတွင် ပူးတွဲကြေးတံဆိပ်ရရှိပြီး သုံးယောက်တွဲအသင်းလိုက်ပြိုင်ပွဲတွင် ဆုတံဆိပ်နှင့် လွဲချော်ခဲ့သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-ISTAF

**ရေနုတ်မြောင်းများသည်**
**အမှိုက်ပစ်ရန် နေရာမဟုတ်ပါ။**

## အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် မေ ၂၂

၂၀၂၆ ခုနှစ် မေ ၂၂ ရက် ညနေ ၄ နာရီ ၅၆ မိနစ် ၁၁ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် ၃၄ မိုင် ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ဒေးဒရဲမြို့၏ မြောက်-အရှေ့မြောက်ဘက် နှစ်မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၆ ဒသမ ၄၄ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၈၉ ဒီဂရီ၊ အနက် ၁၂ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ(SOP)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်

**မန္တလေး မေ ၂၂**

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ၊နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ (SOP)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ အသိပေးရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦး၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။




အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခုဘဏ္ဍာနှစ်မှစ၍ အစိုးရသစ်ပြန်လည်ဖွဲ့စည်းမှုနှင့်အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဝန်ကြီးဌာနများ ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ညွှန်ကြားချက်များကို သိရှိနားလည်နိုင်ရန် ကျင်းပခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံသူများ ရသင့်ရထိုက်သော အခွင့်အရေးများ မဆုံးရှုံးစေရေးအတွက် နိုင်ငံတော်အစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အလေးထားကာ စနစ်တကျ ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ အစိုးရသစ်လက်ထက် ရက်(၁၀၀)အတွင်း ဆောင်ရွက်ရမည့် အခန်းကဏ္ဍများအလိုက် လုပ်ငန်းများ အောင်မြင်အောင် ပိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး ဒေါက်တာမင်းဇော်ဦးက အစိုးရသစ်လက်ထက် ရက်(၁၀၀) အတွင်း ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင်ပါဝင်သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ(SOP)၊ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ ၂၀၁၇ တို့အား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ ထောက်ပံ့

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့မွန်းလွဲပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာနတွင် ပြုလုပ်သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများသက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ပေးဝေလျက်ရှိရာ ဆက်လက်ဖြန့်ဝေနိုင်ရန်အတွက် သီးနှံများပျိုးထောင်ထားကြောင်း စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၄)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ပေးအပ်ရာတွင် ကန်စွန်းရွက် အစည်း ၄၆၀၊ ဘူးသီး အလုံး ၈၀၊ သရက်သီးစိမ်း အထုပ် ၂၅၀ တို့ကို ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဝန်ထမ်းများအား စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဒုတိယဌာနမှူး ဦးဇော်ဇော်ထွန်းနှင့်တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ကြရာ ပန်းဥယျာဉ်နှင့်ကစားကွင်းများဌာန ဒုတိယဌာနမှူး ဦးထွန်းလင်းစောနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)(မန္တလေးနေ့စဉ်-၃)**





## အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိသင့်သိထိုက်သည့် အချက်များအား ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှဝန်ထမ်းများအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များအား ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်း၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ဌာနမှူး ဦးစိုးမိုးသိမ်း၊ ဒုတိယဌာနမှူး ဦးရဲထွန်း၊ ဌာနခွဲမှူးများ၊ ဌာနစုမှူးများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တွဲဖက်အတွင်းရေးမှူးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိသင့်သိထိုက်သည်များကို ရှင်းလင်းပြောကြားပြီး ကော်မတီဝင်(၁)က ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှ ဝန်ထမ်းများက မိမိတို့၏ လုပ်ငန်းခွင်နှင့် အခက်အခဲများကို တင်ပြကြရာ ဌာနမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**

၀-၀-၀-၀-၀

## ပန်းလောင်မြစ်အတွင်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲ ကျင်းပ

**မြစ်သား မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နွားကူးကြီးကျေးရွာအုပ်စု၊ နွားကူလေးကျေးရွာအနီးရှိ ပန်းလောင်မြစ်အတွင်း၌ ဇီဝိတဒါန ငါးလွှတ်ပွဲကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြစ်သားမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းအောင်၊ မြို့နယ်စီမံကိန်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နီလာအေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးမင်းနိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးချစ်၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနိုင်ဇော်၊ မြစ်သားမြို့နယ် ကူမဲငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစောအောင်ကိုလတ်နှင့်ဝန်ထမ်းများက ပန်းလောင်မြစ်အတွင်းသို့ ရွှေဝါငါးကြင်းကောင်ရေ ၃၀၀၀၀၀ အား ဇီဝိတဒါနအဖြစ် စိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

**ဝါဝါမြင့်(မြစ်သား)**



# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေး Hybrid Solar စနစ်တပ်ဆင်ဆောင်ရွက်ထားရှိသော ရေတွန်းစက်ရုံများအား ကွင်းဆင်းကြည့်ရှု

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးခင်မောင်အေးသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းက ရေနှင့် သန့်ရှင်းမှုဌာနမှ ဆောင်ရွက်ထားရှိသော လျှပ်စစ်ဓာတ်အားခ သုံးစွဲမှု လျှော့ချနိုင်ရေးအတွက် Hybrid Solar စနစ် တပ်ဆင်ဆောင်ရွက်ထားရှိသော ရေတွန်းစက်ရုံများ အခြေအနေကို သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ မြို့တော်ဝန်သည် အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်းနှင့် ကမ်းနားလမ်းဆုံရှိ အမှတ်(၈) ရေတွန်းစက်ရုံ(ပွန်တွန်း) ရေယူအဆောက်အအုံနှင့် အဆိုပါစက်ရုံဝင်းအတွင်း၌ 250 KW Hybrid Solar ဓာတ်အားပေးစနစ် တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရေနှင့် သန့်ရှင်းမှုဌာန၊ ဌာနမှူးက Hybrid Solar စနစ်နှင့်ပတ်သက်၍ Solar အချပ်ရေ ၄၅၀ တပ်ဆင်ပြီးစီးမှုမှ တစ်ရက်ထုတ်ယူရရှိသည့် ယူနစ် ၈၈၀ အတွက် တစ်ရက်လျှင် လျှပ်စစ်ဓာတ်အားခငွေကျပ် ၂၂၀၀၀၀ (ကျပ်နှစ်သိန်းနှစ်သောင်းကျပ်တိတိ) လျှော့နည်းသက်သာမည်ဖြစ်ကြောင်းနှင့် သောက်သုံးရေဖူလုံရေးအတွက် မန္တလေးမြို့ ရေပေးဝေရေးစနစ်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့တော်ဝန်သည် Solar ဓာတ်အားပေးစနစ်ဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူဆောင်ရွက်လျက်ရှိသော Control Room အား ကြည့်ရှုစစ်ဆေးခဲ့သည်။



ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့်အဖွဲ့သည် ချမ်းအေးသာစံမြို့နယ်၊ ၃၅ လမ်းရှိ အမှတ်(၃) ရေတွန်းစက်ရုံ(ဝါခင်းကုန်း)သို့ ရောက်ရှိပြီး 100 KW Solar ဓာတ်အားပေးစနစ်တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့တော်ဝန်က "နွေရာသီ၌ ရေလုံလောက်စွာဖြန့်ဝေပေးနိုင်ရေးနှင့် လျှပ်စစ်ဝန်အားလျှော့ချသုံးစွဲနိုင်ရေးတို့အတွက် ကော်မတီပိုင် ရေတွန်းစက်ရုံများကို Solar ဓာတ်အားပေးစနစ်များ ဘဏ္ဍာနှစ်အလိုက် တိုးချဲ့တပ်ဆင်နိုင်ရေး ဆောင်ရွက်ပေးရန်" ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးအား ဖြည့်စွက်မှာကြားခဲ့သည်။

ဆက်လက်၍ မြို့တော်ဝန်သည် ၂၂ လမ်းနှင့် ကမ်းနားလမ်းဆုံရှိ ရွှေခင်းသာပန်းခြံ၌ ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာနမှ ဝန်ထမ်းများက ပန်းခြံသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုကာ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## လွှတ်တော်ကိုယ်စားလှယ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များ တွေ့ဆုံ




**မြစ်သား မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကျင်းပသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲကို မေ ၁၉ ရက် နံနက် ၉ နာရီက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်က မွေးမြူရေးလုပ်ငန်းရှင်များအား တွေ့ဆုံရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဇာနည်ဇော်က မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မွေးမြူရေးလုပ်ငန်းရှင်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

လွှတ်တော်ကိုယ်စားလှယ်များနှင့် မွေးမြူရေးလုပ်ငန်းရှင်များတွေ့ဆုံပွဲသို့ မြစ်သားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစန်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သီသီကျော်၊ မြို့နယ်မြေစာရင်းဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအောင်မျိုးချစ်၊ မြစ်သားမြို့နယ်၊ ကူမဲမြို့ ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးစောအောင်ကိုလတ်နှင့် မြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင် ၄၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**ဝါဝါမြင့်(မြစ်သား)**

## အခြေခံအပြေးအားကစားနည်းသင်တန်း ဖွင့်လှစ်သင်ကြားမည်

**မန္တလေး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာန တိုင်းဒေသကြီး ပြေးခုန်ပစ်ဆပ်ကော်မတီနှင့် Mandalay Road Runner တို့ ပူးပေါင်း၍ အခြေခံအပြေးအားကစားနည်းသင်တန်းကို မေ ၁၉ရက်မှ စတင်၍ အောင်မြေသာစံမြို့နယ်၊ ၂၂ လမ်းရှိ အောင်မြေမန္တလာ အားကစားကွင်းတွင် နံနက် ၆ နာရီမှ ၇နာရီခွဲအထိ အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့များတွင် ဆရာ ဦးအောင်တိုး၊ ဦးဇာနည်တို့က အခမဲ့သင်ကြားပေးလျက်ရှိသည်။



အသက်အရွယ်ကန့်သတ်ချက်မရှိ အပြေးအားကစားစိတ်ဝင်စားသူများ တက်ရောက်နိုင်ပြီး မေ ၂၃ ရက်တွင် အသက် ၁၄ နှစ်မှ ၁၈နှစ်အတွင်း လူငယ်များ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀၊ မီတာ ၈၀၀၊ မီတာ ၁၂၀၀ အပြေးပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)(ဝ၄၅)**

ကျန်းမာ စိတ်ရွှင်
ကြည်လင်ချင်
အချိန်ရှိခိုက်
သစ်ပင်စိုက်။

## ကျောင်းအပ်နှံရေး သီတင်းပတ် အသိပေးလက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပုသိမ်ကြီး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ မြို့အဝင် နာရီစင်အနီး၊ နန်းဦးလွင်ကျေးရွာအုပ်စု၊ မြို့ပတ်လမ်းနှင့် အုန်းချော အ·ထ·က ရှေ့၊ သုံးနေရာ၌ မေ ၁၉ ရက် နံနက် ၇ နာရီမှ စတင်ကာ ကျောင်းအပ်နှံရေး သီတင်းပတ် အဖြစ် ၂၀၂၆ ခုနှစ်၊ မေ ၂၅ ရက်မှ မေ ၃၁ ရက်အထိ ကျောင်းအပ်နှံရေး သီတင်းပတ် အသိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လက်ကမ်းစာစောင်များကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် "နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံကြပါစို့" ဆောင်ပုဒ်နှင့်အညီ ၂၀၂၆ ခုနှစ် ကျောင်းအပ်နှံရေး သီတင်းပတ် အသိပေး လက်ကမ်းစာစောင်များကို ပြည်သူများလက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြသည်။

အဆိုပါဆောင်ရွက်ရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်ခိုင်ကျော်၊ လဝကဦးစီးမှူး ဦးကျော်မင်းထွန်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်မျိုးအောင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ချောစုခိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ စုစုပေါင်း ၃၀၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စာနည်ကိုကို**

ဝ-ဝ-ဝ-ဝ-ဝ



# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## အမေရိကန်နှင့် ဂျပန် လူကုန်ကူးမှုအပါအဝင် မူးယစ်ဆေးဝါးထိန်းချုပ်ရေး အချက်အလက်များ မျှဝေရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

တိုကျို မေ ၂၂




လူကုန်ကူးမှု အပါအဝင် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးနှင့် စုံစမ်းစစ်ဆေးရေးဆိုင်ရာ အချက်အလက်များ မျှဝေခြင်းအတွက် အမေရိကန် မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးအဖွဲ့နှင့် ဂျပန် ကမ်းရိုးတန်းစောင့်တပ်တို့သည် ၎င်းတို့၏ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခဲ့ကြောင်း သိရသည်။

နှစ်နိုင်ငံ အချက်အလက်များ မျှဝေရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုစာချွန်လွှာကို တိုကျိုမြို့ရှိ အမေရိကန်သံရုံးတွင် ယနေ့ လက်မှတ်ရေးထိုးခဲ့သည်။ ဂျပန်နိုင်ငံမှတစ်ဆင့် အမေရိကန်နိုင်ငံသို့ခိုးသွင်းနိုင်သည့် ဖန်တနယ်လ် ဆေးနှင့် ပါဝင်ပစ္စည်းများဆိုင်ရာ သတင်းအချက်အလက်များကိုလည်း မျှဝေမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုတွင် ယမန်နှစ်က မူးယစ်ဆေးဝါး အလွန်အကျွံ သုံးစွဲမှုကြောင့် သေဆုံးသူအရေအတွက် ၇၀၀၀၀ ခန့်ရှိသည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က တရားမဝင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး စီမံချက်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

ဂျပန်နိုင်ငံတွင် လူငယ်လူရွယ်များကြားတွင် ဆေးခြောက်သုံးစွဲမှုသည် ဆိုးရွားသောပြဿနာတစ်ခုဖြစ်လာပြီး နိုင်ငံရပ်ခြား ရာဇဝတ်မှုကွန်ရက်များ ပါဝင်သည်ဟု ယူဆရသည့် မူးယစ်ဆေးဝါး မှောင်ခိုဈေးကွက်သည်လည်း နိုင်ငံအတွင်း ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး ဂျော့ဂ်ျဂလက်စ်က သမ္မတထရမ့်အစိုးရအဖွဲ့သည် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ် ဖောက်ကားမှုကို ဆန့်ကျင်ကြောင်း အခိုင်အမာ ပြောကြားခဲ့သည်။ အမေရိကန်နှင့် ဂျပန် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ပေါင်းစပ်ညှိနှိုင်းမှု တိုးမြှင့်ခြင်းသည် ရာဇဝတ်မှုဆိုင်ရာ ကွန်ရက်များကို ဖျက်သိမ်းရာတွင် အထောက်အကူဖြစ်စေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဂျပန်ကမ်းခြေစောင့်တပ်၏ စစ်ဆင်ရေးဆိုင်ရာ ဒုတိယတပ်မှူး ကာနိုဆူ ဟီရိုကီက ဂျပန်နိုင်ငံ၏ အခြေအနေနှင့်ပတ်သက်ပြီး ခွဲခြမ်းစိတ်ဖြာမှုအချက်အလက်များကို ပေးမည်ဖြစ်ကြောင်းနှင့် နှစ်နိုင်ငံ သတင်းအချက်အလက်မျှဝေခြင်းသည် တန်ပြန်ဆောင်ရွက်ရေးဆိုင်ရာ နည်းလမ်းများချမှတ်ရာတွင် အထောက်အကူဖြစ်စေမည်ဟု ၎င်းက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ ဘာသာပြန် - အောင်ကျော်ကျော်

## ဗီယက်နမ်နိုင်ငံက အသက် ၃၅ နှစ်မပြည့်မီ ကလေးနှစ်ယောက်မွေးထားသည့် အမျိုးသမီးများကို ငွေကြေးထောက်ပံ့ရန် စီစဉ်

ဟန္နိုင်း မေ ၂၂

ဗီယက်နမ်နိုင်ငံက အသက် ၃၅ နှစ်မပြည့်မီ ကလေးနှစ်ယောက် မွေးထားသည့်အမျိုးသမီးများကို ငွေကြေးထောက်ပံ့ရန် စီစဉ်နေကြောင်း သိရသည်။

အာရှတစ်လွှား၌ ကလေးမွေးဖွားနှုန်း ကျဆင်းလျက်ရှိသည့်အတွက် ဗီယက်နမ်နိုင်ငံက အထက်ပါအစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ကာ ကလေးမွေးဖွားနှုန်းကျဆင်းမှုကို ဟန့်တားရန် ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါမူဝါဒသစ်သည် ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် စတင်မည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာ Viet Nam News က သတင်းဖော်ပြသည်။ အစိုးရက အဆိုပါအမျိုးသမီးတစ်ဦးလျှင် အနည်းဆုံး အမေရိကန်ဒေါ်လာ ၇၅ ဒေါ်လာခန့် ပေးအပ်သွားမည်ဖြစ်သည်။

တိုင်းရင်းသားလူနည်းစုအသိုင်းအဝိုင်းမှ အမျိုးသမီးများနှင့် မျိုးပွားမှုနှုန်း အစားထိုးအဆင့်အောက် ကျဆင်းသွားသည့် ဒေသများတွင် နေထိုင်သူများလည်း ပါဝင်ကြောင်း သိရသည်။

ထို့ပြင် မီးဖွားခြင်းအကျိုးခံစားခွင့်များ၊ ကလေးမွေးဖွားမှုဆိုင်ရာ ထောက်ပံ့မှုနှင့် ကိုယ်ဝန်ဆောင်နှင့် မွေးကင်းစရောဂါအချို့ကို စစ်ဆေးခြင်းလည်း ပါဝင်သည်။ ဗီယက်နမ်နိုင်ငံက လူဦးရေတိုးပွားမှုကို ထိန်းသိမ်းရန် ရည်ရွယ်သည့် ၎င်း၏ ကာလရှည်ကြာ တည်ရှိနေသည့် ကလေးနှစ်ဦးမူဝါဒကို ပြီးခဲ့သည့်နှစ်က ဖျက်သိမ်းခဲ့သည်။

လက်ရှိတွင် လူဦးရေ မြင့်တက်နေဆဲဖြစ်သော်လည်း ဟိုချီမင်းမြို့နှင့် အခြားမြို့ပြများတွင် ကလေးမွေးဖွားနှုန်း ကျဆင်းလျက်ရှိသည်။

နိုင်ငံ၏ လုပ်သားဦးရေသည် ၂၀၃၀ ပြည့်နှစ်နှောင်းပိုင်းတွင် အမြင့်ဆုံးဖြစ်မည်ဟု ကျွမ်းကျင်သူများက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ၊ဘာသာပြန် - အောင်ကျော်ကျော်

## နီပေါဘက်မှတစ်ဆင့် ဧဝရက်တောင် တက်ရောက်နိုင်သူ လူပေါင်း ၂၇၄ ဦးအထိ ရှိခဲ့သည်ဟု ယခုနှစ် စံချိန်တင်

ခတ္တမန္ဒူ မေ ၂၂

တောင်တက်လမ်းကြောင်းကို ပိတ်ဆို့နေသော ဧရာမရေခဲတုံးကြီးကြောင့် ယခုနှစ် နွေဦးရာသီတောင်တက်ခရီးစဉ်များ နောက်ကျမှ စတင်နိုင်ခဲ့သော်လည်း မေ ၂၀ ရက်တွင် နီပေါနိုင်ငံဘက်မှတစ်ဆင့် ဧဝရက်တောင်ကို အောင်မြင်စွာ တက်ရောက်နိုင်သူ အရေအတွက်သည် စံချိန်တင်အဖြစ် လူဦးရေ ၂၇၄ ဦးအထိ ရှိခဲ့သည်။

တောင်တက်သမားများသည် ရာသီဥတု သာယာကောင်းမွန်မှုကို အခွင့်ကောင်းယူ၍ တောင်ထိပ်သို့ တက်ရောက်ရန် ကြိုးပမ်းခဲ့ကြခြင်းဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဌာန တာဝန်ရှိသူ ခင်မ်လယ်လ်ဂေါတမ်က ရှင်းလင်းပြောကြားသည်။

တောင်တက်ခရီးစဉ်များကို ဒေသစံတော်ချိန် နံနက် ၃ နာရီတွင် စတင်ခဲ့ပြီး ၁၁ နာရီကြာ ဆက်တိုက် တက်ရောက်ခဲ့ကြခြင်းဖြစ်သည်ဟုလည်း ၎င်းက ဖြည့်စွက်ပြောဆိုသည်။

မေ ၂၀ ရက်က စိုက်ထူခဲ့သော အဆိုပါမှတ်တိုင်သည် ၂၀၁၉ ခုနှစ်၊ မေ ၂၂ ရက်က နီပေါနိုင်ငံ တောင်ဘက်ခြမ်းမှ တောင်တက်သမား ၂၂၃ ဦး တက်ရောက်နိုင်ခဲ့သည့် ယခင် အမြင့်ဆုံးစံချိန်ကို ကျော်လွန်သွားခဲ့ခြင်း ဖြစ်သည်။

၂၀၁၉ ခုနှစ်၊ မေ ၂၂ ရက်က တိဗက်နိုင်ငံ မြောက်ဘက်လမ်းကြောင်းမှတစ်ဆင့် နောက်ထပ် တောင်တက်သမား ၁၁၃ ဦးလည်း တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့သော်လည်း ယခုရာသီတွင် တရုတ်နိုင်ငံက အဆိုပါလမ်းကြောင်းကို နိုင်ငံခြားသား တောင်တက်သမားများအတွက် ပိတ်ထားကြောင်း သိရသည်။ **Mon**

## တရုတ်နှင့် ပါကစ္စတန် သံတမန်ဆက်ဆံရေး (၇၅)နှစ်ပြည့်မြောက်၊ သမ္မတ ရှီကျင့်ဖျင်က ပါကစ္စတန်သမ္မတထံသို့ သဝဏ်လွှာ ပေးပို့



ပေကျင်း မေ ၂၂

အာရှအိမ်နီးချင်းနိုင်ငံများဖြစ်ကြသော တရုတ်နှင့် ပါကစ္စတန် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ပိုမိုအားကောင်းသော မဟာဗျူဟာမြောက် ဆက်သွယ်ဆောင်ရွက်မှု၊ ရိုးရာချစ်ကြည်မှုကို ဆက်လက်ထိန်းသိမ်းမှုနှင့် ဘက်စုံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေရန် တရုတ်သမ္မတ ရှီကျင့်ဖျင်က တိုက်တွန်းပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်သမ္မတ အာဆစ်ဖ် အလီ ဇာဒါရီ ထံသို့ ပေးပို့သော ဝမ်းမြောက်ကြောင်းသဝဏ်လွှာတွင် ရှီကျင့်ဖျင်က မိမိအနေဖြင့် နှစ်နိုင်ငံဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကို အလွန်အလေးထားကြောင်းနှင့် ခေတ်သစ်တွင် ပိုမိုနီးကပ်သော တရုတ်-ပါကစ္စတန် မျှဝေခံစားရသည့် အနာဂတ်အသိုက်အဝန်း တည်ဆောက်မှုကို အရှိန်အဟုန်မြှင့်တင်ရန် ဇာဒါရီနှင့်အတူ လက်တွဲလုပ်ဆောင်သွားရန် အသင့်ရှိကြောင်း အလေးအနက် ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံဆက်ဆံရေးသည် ပြည်သူနှစ်ရပ်လုံးအတွက် ပိုမိုကြီးမားသော အကျိုးကျေးဇူးများကို ဆောင်ကြဉ်းပေးမည်ဖြစ်ပြီး ဒေသတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။

တရုတ်နိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့သည် တောင်နှင့်မြစ်များဖြင့် ဆက်စပ်နေပြီး အေးအတူပူအမျှ ရင်ဆိုင်ဖြတ်သန်းကာ ရာသီဥတုမရွေး မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်သော မိတ်ဆွေကောင်းများဖြစ်ကြသည်ဟု ရှီကျင့်ဖျင်က ပြောကြားသည်။

လွန်ခဲ့သည့် (၇၅)နှစ်တာကာလအတွင်း နိုင်ငံတကာအခင်းအကျင်း ပြောင်းလဲခဲ့သော်လည်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုသည် ကျောက်ဆောင်ကဲ့သို့ ခိုင်မာမြဲမြံနေပြီး ပျက်စီးသွားခြင်းမရှိခဲ့ဟု ၎င်းက ဆက်လက်ပြောကြားကြောင်း သိရသည်။ **Mon**

## အာရှအစားအစာများ ယခုနောက်ပိုင်းတွင် ဝယ်လိုအား မြင့်တက်၊ ရုရှားလူနေမှုဘဝ အစိတ်အပိုင်းအဖြစ် လျင်မြန်စွာ ဖြစ်တည်လာ

မော်စကို မေ ၂၂



စားသုံးသူများ၏အကြိုက် ပြောင်းလဲလာခြင်း၊ ပေါ့ပ်ယဉ်ကျေးမှု၏ လွှမ်းမိုးမှု မြင့်မားလာခြင်းနှင့် ရုရှား၏ စီးပွားရေးဆိုင်ရာ မဟာဗျူဟာ အာရှဘက်သို့ ပြောင်းလဲဦးတည်လာခြင်းတို့ကြောင့် ကိုရီးယားခေါက်ဆွဲမှသည် ထိုင်းဆော့စ်များအထိ အရာအားလုံးအပေါ် ယခုနောက်ပိုင်းတွင် ဝယ်လိုအား မြင့်တက်လာကာ အာရှအစားအစာများသည် ရုရှားနိုင်ငံတွင် နေ့စဉ်လူနေမှုဘဝ၏ အစိတ်အပိုင်းတစ်ခုအဖြစ် လျင်မြန်စွာ ဖြစ်တည်လာနေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ယခင်က လူနည်းစုသာ စိတ်ဝင်စားခဲ့သော ရေပန်းစားမှုတစ်ခုသည် ယခုအခါ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဈေးဝယ်မှုအလေ့အထများ၊ စားသောက်ဆိုင်ယဉ်ကျေးမှုများနှင့် ကုန်သွယ်ရေးပုံစံများကို ပြောင်းလဲပုံဖော်လျက်ရှိသည်။

၂၀၂၂ ခုနှစ် မတိုင်မီက ရုရှားပြည်သူအနည်းငယ်သာ စိတ်ကူးကြည့်နိုင်ခဲ့သည့် နည်းလမ်းမျိုးဖြင့် ဂျပန်ရာမန်ခေါက်ဆွဲမှသည် အာရှထုတ်ကုန်များသည် စူပါမားကတ် စင်ပေါ်များနှင့် စားသောက်ဆိုင်မီနူးများတွင် ပိုမိုနေရာယူလာနေပြီဖြစ်ကြောင်း သိရသည်။

**Mon**

## မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် 191 Application လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ပြင်ဦးလွင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်တွင် ရက်(၁၀၀)စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ မှာကြားချက်နှင့်အညီ မေ ၁၉ ရက် နံနက် ၉ နာရီက ပြင်ဦးလွင်မြို့နယ်၊ ဆင်လမ်းကျေးရွာအုပ်စု၊ ရွာသာယာကျေးရွာအား မီးဘေးအန္တရာယ်ကင်းရှင်းစေရေး မီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် 191 Application လက်ကမ်းစာစောင်များဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးငြိမ်းချမ်းအောင် ဦးဆောင်၍ တပ်ဖွဲ့ဝင် ကိုးဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက မီးလောင်မှု၊ မီးလန့်မှု မဖြစ်ပေါ်စေရေးအတွက် မီးဘေးအန္တရာယ်ကင်းရှင်းစေရန် တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပြည်သူလူထုအား 191 Application ထည့်သွင်းအသုံးပြုနိုင်ရေးအတွက် 191 Application လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (ဓာတ်ပုံ)

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**



## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ တောင်ပြင်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသူမောင်မောင်က ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များအား အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင် ဒေါ်စုမြတ်မွန်က ကလေးသူငယ် အခွင့်အရေးများ ဆိုင်ရာဥပဒေ(၂၀၁၉ ခုနှစ်) ဥပဒေပုဒ်မ ၁၀၁(ခ)ပါ အချက်များအား ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ တောင်ပြင်(၂) မူလတန်းကြိုကျောင်း ကျောင်းအုပ်ဆရာမကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**(အပေါ်ဓာတ်ပုံ)**

**ဦးမျိုး(ဗိသနိုးမြေ)**

## Happy Water (မူးယစ်ဆေးဝါး)အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေး

**စစ်ကိုင်း မေ ၂၂**

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ Happy Water (မူးယစ်ဆေးဝါး) အန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို မေ ၂၀ ရက် နံနက်ပိုင်းက အဆိုပါရုံး၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်နွေရည်ကိုက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးပြီး ဒုတိယဦးစီးမှူး ဒေါ်ဇာဖြူထွန်းက လူငယ်များကြားတွင် ရေပန်းစားနေသော Happy Water (ခေါ်) မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာ၊ Happy Water တွင် ပါဝင်သော ဓာတုဆေးဝါးများ၏ ဆိုးကျိုးနှင့် လူငယ်လူရွယ်များ Happy Water အန္တရာယ်မှ ရှောင်ရှားသင့်ပုံ စသည့်အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ အသိပညာပေး ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် ရိုက်ကူးထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

**အေးငြိမ်းစံ(ပြန်/ဆက်)**

## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံးကာ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ပဲခူး မေ ၂၂**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၌ ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသမီးတစ်ဦး သေဆုံး၍ အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ မေ ၁၉ ရက် နံနက် ၅ နာရီ ၄၅ မိနစ်တွင် ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘုရားကြီးမြို့၊ ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင်အမှတ် ၄၄ မိုင် ၄ ဖာလုံနှင့် ၅ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ်(၁၁)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ပဲခူးမြို့မှ ဒိုက်ဦးမြို့ဘက်သို့ ပဲခူးမြို့နယ်၊ မယင်းကံကြီးကျေးရွာနေ ဒေါ်တင်မာဝင်း(၄၂)နှစ်ဆိုသူ မောင်းနှင်ပြီး မယင်းရွာမကျေးရွာနေ ဒေါ်ထွေးရီ(ခ)ပါကြီး (၆၈)နှစ်ဆိုသူ လိုက်ပါလာသည့် FEILING ဘေးတွဲဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်းလျှောက်နေသူ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အမှတ်(၁၉)ရပ်ကွက်နေ ဦးစိုးသန်းထူး (၅၅)နှစ်ဆိုသူအား ဝင်ရောက်တိုက်မိပြီး ဆိုင်ကယ်မှာ လမ်းလယ်သို့ ရောက်ရှိသွားစဉ် မျက်နှာချင်းဆိုင်မှ ဒိုက်ဦးမြို့နယ်၊ ပန်းခိုင်ကျေးရွာနေ ဦးကျော်ဆန်းလင်း (၃၈)နှစ်ဆိုသူ မောင်းနှင်လာသည့် TOYOTA ACE မော်တော်ယာဉ်နှင့် လမ်းလယ်တွင် ထပ်မံတိုက်မိခဲ့သဖြင့် ဒေါ်တင်မာဝင်းတွင် ထိခိုက်ဒဏ်ရာများရရှိ၍ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး ဦးစိုးသန်းထူးနှင့် ဒေါ်ထွေးရီ(ခ)ပါကြီးဆိုသူတို့တွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် ကျော်ဆန်းလင်းနှင့် ဒေါ်တင်မာဝင်းဆိုသူတို့ နှစ်ဦးအား ဘုရားကြီး နယ်မြေရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့တွင် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၂၂**

မဟာအောင်မြေနှင့် ချမ်းမြသာစည်မြို့နယ်တို့တွင် ငွေကျပ် ၂၇၉၀ ဒသမ ၅ သိန်း၊ လားရှိုးမြို့တွင် ငွေကျပ် ၇၂ သိန်း၊ ညောင်ရွှေမြို့နယ်တွင် ငွေကျပ်သိန်း ၅၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



တရားခံသက်နိုင်အား ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရစဉ်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၈ ရက် ညနေ ၆ နာရီခွဲတွင် သတင်းအရ မဟာအောင်မြေမြို့နယ် မဟာမြိုင်ရပ်ကွက်(၁) ၃၈ လမ်းနှင့် ၃၉ လမ်းကြား အောင်သပြေလမ်းနေ သက်နိုင် (၃၆) နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ဘိန်းဖြူ ၁၀ ဒသမ ၄၄ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း၂၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်သိန်း ၂၆၁၀) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ယင်းနေ့ ည ၇ နာရီခွဲတွင် မူးယစ်ဆေးဝါးများ သယ်ဆောင် ရောင်းချရာတွင် ပူးပေါင်းပါဝင်သူ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်နေ နေတက်(၂၆)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် မတွေ့ရှိရဘဲ နေအိမ်အတွင်းမှ ဘိန်းဆီခဲ ၆ ဒသမ ၅ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၂၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၆၂ ဒသမ ၅ သိန်း)၊ ဘိန်းစိမ်း နှစ်ကီလို(တစ်ကီလိုလျှင် ငွေကျပ် ကိုးသိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၈ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် သက်နိုင်နှင့် နေတက်(ဖမ်းဆီးရန်ကျန်)တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့တူ မေ ၂၁ ရက် မွန်းလွဲ ၃ နာရီတွင် သတင်းအရ လားရှိုးမြို့ အောင်မင်္ဂလာရပ်ကွက် နယ်မြေ (၁၃)နေ ကျင်ရှောင် (၂၇) နှစ်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁၃ သိန်း)၊ ဘိန်းစိမ်း တစ်ကီလို (တစ်ကီလိုလျှင် ငွေကျပ် ခုနစ်သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ခုနစ်သိန်း)နှင့် ဘိန်းဖြူ ၂၆၀ ဂရမ် (တစ်ဂရမ်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၅၂ သိန်း) တို့ကို ဖမ်းဆီးရမိသဖြင့် ကျင်ရှောင်အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မေ ၂၀ ရက် ညနေ ၄ နာရီခွဲတွင် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု ပွဲစားကုန်းလယ်ပြင်ကျေးရွာ အဝင်လမ်းပေါ်တွင် ညောင်ရွှေမြို့နယ် နွားခမကျေးရွာနေ ဇော်လွင်ဦး (ခ) အယ်ဇော် (၄၄)နှစ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ်သိန်း ၅၀) ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**




ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်စလိကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။




ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် ပြည်ပနိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများ ဖမ်းဆီးရမိသည့် ဖြစ်စဉ်နေရာပြပုံ။

# တာချီလိတ်မြို့ ပန်စလိကျေးရွာနှင့် မြဝတီမြို့ မယ်ထော်သလေးကျေးရွာတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရားမဝင်တရုတ်နိုင်ငံသားများအား လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မေ ၂၂

မြန်မာနိုင်ငံအစိုးရ အနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်း လောင်းကစားမှုများ တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် အလေးထားတိုက်ဖျက်ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။

ထိုကဲ့သို့ လုံခြုံရေးပူးပေါင်းအဖွဲ့များက သက်ဆိုင်ရာ နယ်မြေများအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်သူများ အခြေပြုနေထိုင်ခြင်း မရှိစေရန်နှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ဆောင်ရွက်ခြင်းမရှိစေရန်အတွက် နယ်မြေရှင်းလင်းခြင်းနှင့် ရှာဖွေဖော်ထုတ် စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၏ အနောက်မြောက်ဘက် မီတာ ၇၈၀၀ ခန့်အကွာလွယ်စတုံကျေးရွာအုပ်စု ပန်စလိကျေးရွာရှိ နေအိမ်အားသတင်းအရ ဝင်ရောက်ရှာဖွေရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရားမဝင်တရုတ်နိုင်ငံသား အမျိုးသား ၃၃ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ ၃၂ လုံး၊ စားပွဲအလုံး ၂၀၊ ထိုင်ခုံ ၃၅ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင်လည်း ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေး ကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၁၈၀၀ ခန့်အကွာသို့အရောက်၌ နှစ်ထပ်တိုက် အဆောက်အအုံတစ်လုံးအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်သူ တရားမဝင် တရုတ်နိုင်ငံသား အမျိုးသား ၂၇ ဦးအား အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် All In One ကွန်ပျူတာ လေးလုံး၊ Monitor ၁၄ လုံး၊ CPU အလုံး ၂၀ နှင့် ဖုန်းမျိုးစုံ ၄၃ လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်ခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်ပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည် လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ပန်စလိကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများနှင့် လုပ်ငန်းသုံးပစ္စည်းများကို တွေ့မြင်ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခဲ့သည့် တရားမဝင် တရုတ်နိုင်ငံသားများကို တွေ့မြင်ရစဉ်။



ကရင်ပြည်နယ် မြဝတီမြို့ မယ်ထော်သလေးကျေးရွာ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာများကို တွေ့မြင်ရစဉ်။

## အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့် ရရှိသောငွေကြေး အကျိုးအမြတ်အား ခေါင်းပုံဖြတ်ရယူခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၂၂

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် အဓမ္မလက်ထပ်ထိမ်းမြားစေခြင်းဖြင့် ရရှိသောငွေကြေးအကျိုးအမြတ်အား ပူးပေါင်းခေါင်းပုံဖြတ် ရယူဆောင်ရွက်ခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးနှင့် မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်နေ အမျိုးသမီးတစ်ဦးတို့ကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရွှေညောင်ပင်ရပ်ကွက်နေ မလုတောင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (၁၆၈)ရပ်ကွက်နေ မကရင်မ(ခ) မဝင်းဆန်းနှင့် လိပ်စာတူ မခင်သီတာ(ယခုတရုတ်နိုင်ငံနေထိုင်သူ)တို့ သုံးဦးက တရုတ်ဇနီးမယားအဖြစ် တစ်နှစ် ပေါင်းသင်းနေထိုင်ပါက မြန်မာကျပ်ငွေ သိန်း ၁၅၀ ရရှိမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး ရန်ကုန်မှ တရုတ်နိုင်ငံ ရွှေလီမြို့သို့ ယာယီနယ်စပ်ဖြတ်သန်းခွင့်ဖြင့် ပို့ဆောင်ကာ တရုတ်အမျိုးသားများနှင့် ပေါင်းသင်းနေထိုင်စေခဲ့သည်။

ထို့နောက် တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်ရန် နိုင်ငံကူးလက်မှတ်ပြုလုပ်ပေးခြင်းနှင့် ကြိုတင်ငွေထုတ်ပေးခြင်းများအပြင် တရုတ်အမျိုးသားများထံမှ အမျိုးသမီးများ ခေါ်ယူပေးမှုအတွက် ယွမ် ၂၀၀၀၀ မှ ၁၅၀၀၀၀ အထိ ရယူဆောင်ရွက်ခဲ့ကြကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ဒဂုံဆိပ်ကမ်းမြို့မရဲစခန်း(ပ)၁၅၇/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး မေ ၁၉ ရက်တွင် ဒဂုံမြို့သစ်ခရိုင်တရားရုံးမှ ဖမ်းမိတရားခံ မကရင်မ(ခ)မဝင်းဆန်းနှင့် မလုတောင်တို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မခင်သီတာကို ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု သဲကျွန်းကျေးရွာရှိ “PNPT ကလေးအားကစားကွင်း” အနီးတွင်ဖြစ်ပွားခဲ့သည့် လူသတ်မှု၌ ပါဝင်ပတ်သက်ခဲ့သူများကို သေဒဏ်ကျခံစေရန် တရားရုံးက အမိန့်ချမှတ်

နေပြည်တော် မေ ၂၂

ပျဉ်းမနားမြို့နယ် ကင်ပွန်းတန်းအုပ်စု သဲကျွန်းကျေးရွာရှိ “PNPT ကလေးအားကစားကွင်း”၏ အနောက်ဘက် ပေ ၃၀၀ ခန့်အကွာအဝေးရှိ ယာခင်းလူသွားလမ်းပေါ်တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က ကျော်ဇင်မိုးသည် ဦးခေါင်းနှင့် မျက်နှာပေါ်တွင် သွေးများထွက်၍ သေဆုံးနေကြောင်း သတင်းပေးချက်အရ သွားရောက်စစ်ဆေးရာ သေဆုံးနေသည်ကိုတွေ့ရှိရသဖြင့် အမှုမှန်ပေါ်ပေါက်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စုံစမ်းဖော်ထုတ်၍ တရားစွဲတင်ပို့ခဲ့သည်။

### အမိန့်ချမှတ်

အဆိုပါတရားခံများကို ပျဉ်းမနားခရိုင်တရားရုံး၏ ရာဇဝတ်ကြီးမှုအမှတ် ၁၇/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးပြီး တရားခံ ကျော်ဇင်ထက်(ခ)ဖျော့ကြီးနှင့် ဝေဠုကျော်(ခ)ဝေကြီးတို့ နှစ်ဦးအပေါ် ပြစ်မှုကျူးလွန်ကြောင်းထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)/၃၄ အရ မသေမချင်း ကြိုးကွင်းစွပ်သတ်စေရန် ပျဉ်းမနားခရိုင်တရားရုံးက ၂၀၂၆ ခုနှစ် မေ ၂၁ ရက်တွင် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



# နိုင်ငံတကာ အားကစား သတင်းများ



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဆော်ဒီပရီးမီးယားလိဂ် ချန်ပီယံဆုကို အယ်လ်နာဆာအသင်း ဆွတ်ခူး

လန်ဒန် မေ ၂၂

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဆော်ဒီပရီလိဂ်ချန်ပီယံဆုကို တိုက်စစ်မှူးစီရော်နယ်လ်ဒို ပါဝင်ကစားနေသည့် အယ်လ်နာဆာအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အယ်လ်နာဆာအသင်းသည် ဆော်ဒီပရီလိဂ်ပွဲစဉ်အားလုံးယှဉ်ပြိုင်ကစားအပြီးတွင် ရမှတ် ၈၆ ရရှိကာ ဒုတိယနေရာမှ အယ်လ်ဟီလာအသင်းကို နှစ်မှတ်အသာဖြင့် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

အယ်လ်နာဆာအသင်း ဆော်ဒီပရီလိဂ်ချန်ပီယံဆု ရယူနိုင်ခဲ့ပြီးနောက် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ကြသည်။ (အပေါ်ပုံ)

အယ်လ်နာဆာအသင်း၏ ထုတ်ပြန်ချက်တွင် "ဆော်ဒီပရီလိဂ်ချန်ပီယံဆုကို ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ကြတဲ့ အသင်းနည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ အသင်းအနေနဲ့လည်း လိုအပ်သမျှ ပံ့ပိုးမှုတွေ ဆက်လက်ပြုလုပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## ချဲလ်ဆီးအသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို ဂျာအိုပက်ဒရို ဆွတ်ခူး

လန်ဒန် မေ ၂၂

ချဲလ်ဆီးအသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံးကစားသမားဆုကို တိုက်စစ်မှူး ဂျာအိုပက်ဒရိုက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ တိုက်စစ်မှူးသည် ယခုနှစ်ဘောလုံးရာသီတွင် ချဲလ်ဆီးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၉ ပွဲ ကစားပြီး ဂိုး ၂၀ အထိ သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ (ယာပုံ)

အသက်(၂၄)နှစ်အရွယ်ရှိ ဂျာအိုပက်ဒရိုက "ကျွန်တော့်အခုလို အသင်းမှ ပေးအပ်သည့် တစ်နှစ်တာအကောင်းဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ အသင်းဖော်တွေရဲ့ ဝိုင်းဝန်းကူညီမှုကြောင့်လည်း ယခုဆုကို ရရှိခဲ့တာပါ။ နောက်ထပ်လည်း ယခုလို ဆုတွေအပြင် အသင်းနဲ့အတူ အောင်မြင်မှုတွေရရှိဖို့ ဆက်လက် ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)



## နည်းပြ အာတီတာကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် အာဆင်နယ်အသင်း စီစဉ်



လန်ဒန် မေ ၂၂

အာဆင်နယ်အသင်းသည် အသင်းနည်းပြ အာတီတာကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။ (အပေါ်ပုံ)

အဆိုပါ နည်းပြသည် ပရီးမီးယားလိဂ် ချန်ပီယံဆုရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက စာချုပ်သက်တမ်းတိုးရန် စီစဉ်လာခြင်းဖြစ်သည်။

နည်းပြ အာတီတာသည် အာဆင်နယ်အသင်းကို ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာ ၂၂ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၃၅၁ပွဲကိုင်တွယ်ရာ ၂၁၂ပွဲနိုင်၊ ၆၆ပွဲသရေ၊ ၇၃ ပွဲရှုံး ရလဒ်ပိုင်ဆိုင်ခဲ့သည်။

အာဆင်နယ်အသင်း၏ ထုတ်ပြန်ချက်တွင် "နည်းပြ အာတီတာကို လုပ်ခလစာတိုးမြှင့်၍ စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်မှာပါ"ဟု ထုတ်ပြန်သည်။

(NGB)

## ရှီယာချားလ်စ်ကို ခေါ်ယူရန် မန်ယူအသင်း စီစဉ်

လန်ဒန် မေ ၂၂

မန်ယူအသင်းသည် ဆောက်သမ်တန်အသင်း ကွင်းလယ် ကစားသမား ရှီယာချားလ်စ်ကို ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၂)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဆောက်သမ်တန်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၃၈ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။ (ယာပုံ)

ဆောက်သမ်တန်အသင်းကလည်း ရှီယာချားလ်စ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိသည်။

ထို့ကြောင့် မန်ယူအသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဆောက်သမ်တန်အသင်းထံမှ ရှီယာချားလ်စ်ကို ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။ (NGB)



## ဂိုးသမား နျူအာ ဂျာမနီလက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံရ

မြူးနစ် မေ ၂၂

ဂိုးသမား နျူအာသည် ဂျာမနီလက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရသည်။

အဆိုပါ ဂိုးသမားသည် ယူရို ၂၀၂၄ ပြိုင်ပွဲအပြီးတွင် ဂျာမနီလက်ရွေးစင်အသင်းမှ အနားယူခဲ့သော်လည်း ယခု ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အသင်းလူစာရင်းတွင် ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရသည်။

ဂိုးသမား နျူအာသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၉ မှ ၂၀၂၄ခုနှစ်အထိ ပြိုင်ပွဲပေါင်း ၁၂၄ပွဲကစားကာ အောင်မြင်မှုများလည်း ရယူနိုင်ခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နျူအာက "ကျွန်တော် ဂျာမနီလက်ရွေးစင်အသင်းမှာ ပြန်လည်ရွေးချယ်ခြင်းခံခဲ့ရပါတယ်။ ဒီအသင်းနဲ့အတူ ၂၀၂၆ ကမ္ဘာ့ဖလားကြီးကို ကိုင်မြှောက်နိုင်အောင် အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

ဂျာမနီလက်ရွေးစင်အသင်းသည် ၂၀၂၆ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်အဖြစ် လာမည့် ဇွန် ၁၄ရက်တွင် ကူရာကာအိုအသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

0-0-0-0-0

## 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ Ignacio Buse တက်ရောက်

ဟမ်းဘတ် မေ ၂၂

ဂျာမနီနိုင်ငံတွင် ကျင်းပလျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်သို့ ပီရူးတင်းနစ်ကစားသမား Ignacio Buse တက်ရောက်ခဲ့သည်။ (ယာပုံ)

အဆိုပါ ပီရူးတင်းနစ်ကစားသမား Ignacio Buse သည် 2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert ကို ၆-၃၊ ၅-၇၊ ၆-၃ ဖြင့် အနိုင်ရရှိ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

2026 Bitpanda Hamburg Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်တွင် ပီရူးတင်းနစ်ကစားသမား Ignacio Buse နှင့် အမေရိကန်တင်းနစ်ကစားသမား Aleksandar Kovacevic တို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ (NGB)



### ဂျာမန်ပိုကယ်ဖလား ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၄-၅-၂၀၂၆<br>နံနက် ၀၀း၃၀နာရီ | ဘိုင်ယန်မြူးနစ် - စတုဂတ် | ဘိုင်ယန်မြူးနစ် ၄-၂ စတုဂတ်<br>စတုဂတ် ၀-၅ ဘိုင်ယန်မြူးနစ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၈) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/ (နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၄-၅-၂၀၂၆<br>နံနက် ၀၁း၃၀နာရီ | (၆)ဆဲလ်တာဗီဂို - ဆီဗီလာ(၁၃)<br>(L,W,W,L,D) (L,W,W,W,L) | ဆဲလ်တာဗီဂို ၃-၂ ဆီဗီလာ<br>ဆီဗီလာ ၁-၀ ဆဲလ်တာဗီဂို |
| " | (၁၄)အလာဗက်စ် - ဗယ်လက်ကာနို(၈)<br>(W,L,D,W,W) (W,W,D,D,W) | အလာဗက်စ် ၀-၂ ဗယ်လက်ကာနို<br>ဗယ်လက်ကာနို ၁-၀ အလာဗက်စ် |
| " | (၁၁)အက်စ်ပန်ညို - ဆိုစီဒက်(၁၀)<br>(D,L,L,W,W) (D,L,D,D,L) | အက်စ်ပန်ညို ၀-၁ ဆိုစီဒက်<br>ဆိုစီဒက် ၂-၁ အက်စ်ပန်ညို |
| " | (၇)ဂီတာဖေး - အိုဆာဆူနာ(၁၆)<br>(L,L,D,W,L) (W,L,L,L,L) | ဂီတာဖေး ၁-၁ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၂ ဂီတာဖေး |
| " | (၁၈)ဂျီရိုနာ - အယ်လ်ချီ(၁၇)<br>(L,L,D,D,L) (W,L,D,L,W) | ဂျီရိုနာ ၂-၀ အယ်လ်ချီ<br>အယ်လ်ချီ ၁-၂ ဂျီရိုနာ |
| " | (၁၉)မာယော့ကာ - အိုဗီဒို(၂၀)<br>(L,W,D,L,L) (L,L,D,L,L) | ——— |
| " | (၅)ဘက်တစ် - လီဗန်တေး(၁၅)<br>(D,W,D,W,L) (D,L,W,W,W) | ဘက်တစ် ၃-၁ လီဗန်တေး<br>လီဗန်တေး ၂-၄ ဘက်တစ် |
| " | (၂)ရီးရဲလ်မက်ဒရစ် - ဘီလ်ဘာအို(၁၂)<br>(D,W,L,W,W) (L,W,L,L,D) | ရီးရဲလ်မက်ဒရစ် ၁-၀ ဘီလ်ဘာအို<br>ဘီလ်ဘာအို ၂-၁ ရီးရဲလ်မက်ဒရစ် |
| " | (၉)ဗလင်စီယာ - ဘာစီလိုနာ(၁)<br>(W,L,W,D,W) (W,W,W,L,W) | ဗလင်စီယာ ၁-၂ ဘာစီလိုနာ<br>ဘာစီလိုနာ ၇-၁ ဗလင်စီယာ |

### အီတလီ စီးရီးအေဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၃၈) — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ်/ (နောက်ဆုံးငါးပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|
| ၂၃-၅-၂၀၂၆<br>ည ၁၀း၃၀ နာရီ | (၈)ဘိုလော့ဂ်နာ - အင်တာမီလန်(၁)<br>(L,L,D,W,W) (D,W,W,W,D) | ဘိုလော့ဂ်နာ ၁-၀ အင်တာမီလန်<br>အင်တာမီလန် ၂-၂ ဘိုလော့ဂ်နာ |
| ၂၄-၅-၂၀၂၆<br>နံနက် ၀၁း၁၅နာရီ | (၉)လာဇီယို - ပီဆာ(၂၀)<br>(D,W,L,L,L) (L,L,L,L,L) | ——— |

### ပရီးမီးယားလိဂ်တန်းတက် (Play-Offs) ဗိုလ်လုပွဲစဉ် — နိုင်ကမ္ဘာ

| ရက်/ အချိန် | ပွဲစဉ် | နောက်ဆုံးတွေ့ဆုံမှုရလဒ် |
|---|---|---|
| ၂၃-၅-၂၀၂၆<br>ည ၉း၀၀ နာရီ | ဟားလ်စီးတီး - မစ်ဒယ်ဘာရော့ | ဟားလ်စီးတီး ၁-၄ မစ်ဒယ်ဘာရော့<br>မစ်ဒယ်ဘာရော့ ၀-၁ ဟားလ်စီးတီး |



## ချစ်မေတ္တာဖောင်ဒေးရှင်းမှ လှူဒါန်းသော ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**မတ္တရာ မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ လွန်တောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာရေးကဏ္ဍမြှင့်တင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ရည်ရွယ်၍ ချစ်မေတ္တာဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၉ ရက် နံနက် ၁၁ နာရီက အဆိုပါ ကျောင်းဆောင်သစ်ရှေ့တွင် ကျင်းပခဲ့သည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဦးအောင်ဆွေ၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးဟန်၊ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ကျောင်းကော်မတီအဖွဲ့ဝင် ဦးဘိုသန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြပြီး အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဧည့်သည်တော်များက ဖွင့်လှစ်ပေးခဲ့သည့် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ဒုတိယပိုင်းအစီအစဉ်ကို အဆိုပါ ကျောင်းဆောင်၌ ဆက်လက်ကျင်းပရာ ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးလှမြင့်၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က အမှာစကားပြောကြားခဲ့သည်။ ခရိုင်ပညာရေးမှူးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမိုးဟန်က အမှာစကားများ ပြောကြားခဲ့ကာ ကျောင်းကော်မတီအဖွဲ့ဝင် ဦးဘိုသန်းက ကျောင်းဆောင်သစ်ရရှိရေးအတွက် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် အလှူရှင်များကို မိဘပြည်သူများကိုယ်စား အထူးပင်ကျေးဇူးတင်ရှိကြောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

အဆိုပါ ချစ်မေတ္တာ ကျောင်းဆောင်သစ်သည် အကျယ် ပေ ၃၀ရှိ စာသင်ခန်း လေးခန်း ပါဝင်ပြီး ချစ်မေတ္တာဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၃၀၆၀ အကုန်ကျခံ၍ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (၄၆၂)

## တစ်ပိုင်တစ်နိုင်စိုက်ပျိုးသည့် စိန်တစ်လုံးသရက်သီးများ ဈေးကောင်းရရှိ

**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသည့် စိန်တစ်လုံး သရက်သီးများ ဈေးကောင်းရရှိနေသည်။

တောင်တွင်းကြီးမြို့နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားလုပ်ကိုင်ကြပြီး နှစ်ရှည်သီးနှံဖြစ်သည့် သရက်သီးကို ယာမြေနှင့်ဥယျာဉ်ခြံမြေများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ သရက်စိုက်ပျိုးရာတွင် သရက်မျိုးအနေဖြင့် နယ်မြေဒေသနှင့် ကိုက်ညီမှုရှိပြီး အရည်အသွေးကောင်းမွန်သည့် စိန်တစ်လုံး သရက်သီးမျိုးကိုသာ ရွေးချယ်စိုက်ပျိုးကြကြောင်း၊ သရက်ပင်စိုက်ပျိုးရာတွင် ယခင်က အစေ့ပျိုးပင်များကို စိုက်ပျိုးကြရာ အသီးထွက်ရှိသည်ထိ အနည်းဆုံး ခြောက်နှစ်မှ ရှစ်နှစ်ခန့်အထိ ကြာမြင့်သောကြောင့် ယခုအချိန်တွင် သရက်စိုက်တောင်သူများအနေဖြင့် ခေတ်သစ်နည်းစနစ်ဖြင့် ကိုင်းကူးပျိုးပင်များကိုသာ အများဆုံးစိုက်ပျိုးကြကြောင်း၊ ယင်းစိုက်ပျိုးသည့်နည်းမှာ သုံးနှစ်ခန့်အကြာတွင် အသီးထွက်ရှိခြင်း၊ အသီးလှပြီး ဈေးကောင်းရရှိခြင်း၊ သီးနှံပျက်စီးမှုနည်းပါးပြီး ကုန်ကျစရိတ် သက်သာခြင်းတို့ကြောင့် ကိုင်းကူးပျိုးပင်များကို အဓိကစိုက်ပျိုးကြကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ဆေးဖျန်းခြင်း၊ ဓာတ်မြေဩဇာကျွေးခြင်း၊ သွင်းအားစု၊ အိတ်စွပ်ခ၊ အသီးခူးဆွတ်ခ၊ လုပ်အားခ အပါအဝင် စုစုပေါင်းအများဆုံး ၁၀ သိန်းခန့်ရှိကြောင်း၊ အထွက်နှုန်းအနေဖြင့် စိုက်ပျိုးပြီး အပင်သက်တမ်းပေါ်မူတည်၍ တစ်ပင်လျှင် အလုံးရေ ၃၀၀ မှ ၅၀၀ အကြားထွက်ရှိကြောင်း၊ ယခုအချိန်တွင် စိန်တစ်လုံး သရက်သီးများ စတင်ထွက်ရှိလာပြီး ယခင်နှစ်ထက် အထွက်နှုန်းနည်းသော်လည်း ဈေးကွက်အတွင်း ဈေးကောင်းရရှိသောကြောင့် မိသားစုအပိုဝင်ငွေရရှိကြောင်း တောင်တွင်းကြီးမြို့နယ်၊ ကင်မွန်းတောင်ကျေးရွာ ဥယျာဉ်ခြံစနစ်ဖြင့် စိုက်ပျိုးလုပ်ကိုင်သည့် သရက်စိုက်တောင်သူတစ်ဦးထံမှ သိရသည်။

တောင်တွင်းကြီးမြို့ မြို့မဈေး၊ ဒက္ခိဏဈေး အပါအဝင် မြို့ပေါ်ရပ်ကွက်ဈေးဆိုင်များတွင် သာမက ရန်ကုန်၊ မန္တလေး၊ နေပြည်တော်မြို့ကြီးများသို့လည်း လက်လီ၊ လက်ကား ပို့ဆောင်ပေးရကြောင်း၊ စိန်တစ်လုံး သရက်သီး တစ်လုံးလျှင် အကြီး၊ အသေးပေါ်မူတည်ပြီး ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိ ရောင်းချရကြောင်း သိရသည်။

**နောင်နောင် (ဗိဿနိုးမြေ)**

## အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေး စစ်ဆေးပေးပြီး ဆေးကုသမှုများ ဆောင်ရွက်ပေး

**သရက် မေ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်အတွင်းရှိ ခရိုင်ပြည်သူ့ ကျန်းမာနှင့်ကုသရေး ဦးစီးဌာနမှ ကြီးမှူး၍ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ နှလုံးရောဂါများအား အခမဲ့စစ်ဆေးကုသပေးခြင်းကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အခမဲ့စစ်ဆေးပေးလျက်ရှိပြီး ယမန်နေ့ နံနက် ၉ နာရီက ခရိုင်ပြည်သူ့ဆေးရုံ အောက်ထပ်၌ ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေး စစ်ဆေးရန် လာရောက်သည့် ဝန်ထမ်းအငြိမ်းစားများအား ခရိုင်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးချို၊ ဆီးချိုရောဂါစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး လိုအပ်သည့် ဆေးဝါးများကို အခမဲ့ စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**(အောက်ပုံ)**

**ဇော်ထက်(သရက်)**




## ရတနာပုံတက္ကသိုလ်၌ အောင်စာရင်းပြုစုခြင်းသင်တန်းပို့ချ

**မန္တလေး မေ ၂၂**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာ ဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်တွင် ရက်(၁၀၀)စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်မှုအစီအစဉ်အရ နိုင်ငံ့တာဝန်ထမ်းဆောင်ရာတွင် သင်ကြားရေးနှင့်စီမံရေးရာဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရန်နှင့် ကွန်ပျူတာနည်းပညာရပ်များ တတ်ကျွမ်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ပို့ချမည့် (Microsoft Excel)ဖြင့် အောင်စာရင်း ပြုစုခြင်းသင်တန်းကို မေ ၂၁ ရက် မွန်းလွဲ ၂ နာရီက အဆိုပါ တက္ကသိုလ်ရှိ ကွန်ပျူတာသိပ္ပံပညာဌာနရှိ လေ့ကျင့်သင်ကြားရေးခန်းများတွင် သင်ကြားပို့ချခဲ့သည်။

အဆိုပါ (Microsoft Excel) ဖြင့် အောင်စာရင်းပြုစုခြင်း သင်တန်းကို မေ ၂၁ ရက်မှ ဇွန် ၅ ရက်အထိ ကွန်ပျူတာသိပ္ပံပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာမေမြင့်သွယ်နှင့် သင်တန်းဆရာ၊ ဆရာမများက နာရီပေါင်း ၂၀ ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး ဘာသာရပ်ဌာနအသီးသီးမှ ဆရာ၊ ဆရာမများနှင့် စီမံရေးရာ ဝန်ထမ်းများ စုစုပေါင်း ၇၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ **(အောက်ပုံ) (ဝ၈၂)**



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် လက်တွေ့မီးငြိမ်းသတ်နည်းသရုပ်ပြ

**ဝမ်းတွင်း မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို မေ ၁၉ ရက် နံနက်ပိုင်းက ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဝမ်းတွင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး၊ လက်တွေ့သရုပ်ပြပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစိုးထွန်းက ဝန်ထမ်းများအား မီးဘေးအန္တရာယ် အသိပညာပေးခြင်း မီးလောင်မှုဖြစ်ပွားတတ်သည့် အကြောင်းအရာများအကြောင်း၊ မီးလောင်မှု မဖြစ်စေရေး ကြိုတင်ကာကွယ်ခြင်း နည်းလမ်းများ၊ ဆီကြောင့် မီးလောင်ပါက မီးငြိမ်းသတ်ပုံ၊ မီးငြိမ်းနည်းများ၊ မီးသတ်ဆေးဘူး ထိန်းသိမ်းအသုံးပြုပုံများကို ရှင်းလင်းပြောကြားပြီး အဝတ်စိုဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့သည်။

အဆိုပါ သရုပ်ပြပွဲသို့ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ) အောင်ရဲကျော်**





## လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများတွေ့ဆုံ

**မန္တလေး မေ ၂၂**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့် ရပ်ကွက်ပြည်သူများ တွေ့ဆုံပွဲကို ယမန်နေ့ နံနက် ၉နာရီက ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်၊ အကွက်(၂၅၈)၊ ၃၁လမ်းနှင့်၃၂လမ်းကြား၊ ၈၆လမ်းနှင့်၈၇လမ်းကြားရှိ ဒီဘိုးဝင်းဓမ္မာရုံ၌ ကျင်းပခဲ့သည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေး၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေး၊ အတွင်းရေးမှူး ဦးဆန်းမောင်၊ ဘဏ္ဍာရေးမှူး ဦးမော်ကြီးနှင့်ကော်မတီဝင်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေဝမ်းနှင့် အကွက်မှူးများ၊ ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရက်(၁၀၀) စီမံချက်အရ ပြည်သူလူထု၏ လိုအပ်ချက်များကို သက်ဆိုင်ရာဌာနအသီးသီးဖြင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ကွင်းဆင်းလာရခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်မြင့်ဌေးက ပြောကြားပြီး ပြည်သူလူထုက ပေးအပ်ထားသော တာဝန်ဖြင့် ပြည်သူ့အတွက် အလုပ်အကျွေးပြုစုရန် ပြည်သူ့အသံ၊ လွှတ်တော်အသံဖြစ်ရန်အတွက် မိမိ၏မဲဆန္ဒနယ်မြေအတွင်း ကွင်းဆင်း၍ ပြည်သူလူထု၏ တင်ပြချက်များကို လေ့လာမှတ်သားပြီး လွှတ်တော်သို့တင်ပြခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းများကို လုပ်ဆောင်သွားမှာဖြစ်ကြောင်းဖြင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကိုကိုထွေးက ပြောကြားခဲ့သည်။

ရပ်ကွက်ပြည်သူများ၏ တင်ပြချက်များ၊ လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တော်ကြီးများနှင့်အတူ မိမိတို့ ပါတီကော်မတီဝင်များပါ လိုက်ပါကွင်းဆင်းဆောင်ရွက်ခြင်းသည် ပြည်သူများအပေါ်ထားရှိသော ကျွန်တော်တို့ပါတီ၏ သဘောထား စေတနာအမှန်ပင်ဖြစ်ကြောင်း၊ လိုအပ်ချက်မှန်သမျှကိုလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများက သက်ဆိုင်ရာ လွှတ်တော်များကို တင်ပြပေးသွားမှာဖြစ်သလို ပါတီအနေဖြင့်လည်း အထက်ဌာနများကို တင်ပြပေးသွားမှာဖြစ်ကြောင်း၊ မိမိတို့ရပ်ရွာအတွက် အကျိုးရှိသည့် တင်ပြချက်များကို တင်ပြကြရန် လိုကြောင်းဖြင့် မြို့နယ်ပါတီဥက္ကဋ္ဌ ဦးကျော်ကျော်ဌေးက ပြောသည်။

ထို့နောက် ရပ်ကွက်ပြည်သူများက လျှပ်စစ်မီးမှန်မှန် ရရှိရေး၊ အန္တရာယ်ရှိသော လျှပ်စစ်မီးတိုင်များ လဲလှယ်ပေးရေး၊ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်အောင်ဆောင်ရွက်ပေးရေးနှင့် အမှိုက်သိမ်းဆည်းခွန်ကောက်ခံမှုစနစ်များကို ပြန်လည်သုံးသပ်ပေးရန်တို့ကို တင်ပြကြရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး ပြည်ကြီးပျော်ဘွယ် အရှေ့ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးခဲ့ပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဌာနအသီးသီးမှ တာဝန်ရှိသူများအား လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၄၁)**

## ကသဲစုကျေးရွာ၌ ရေပိုက်သွယ်ခြင်းလုပ်ငန်းပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**စဉ့်ကိုင် မေ ၂၂**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရက်(၁၀၀)စီမံချက်ဖြင့် အုန်းပင်ခြံကျေးရွာအုပ်စု၊ ကသဲစုကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို မေ ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

**(ယာပုံ)**

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာ၊ ကျေးရွာကော်မတီဝင်များနှင့်အတူ တာဝန်ရှိသူများက ကသဲစုကျေးရွာ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ပိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း မှာကြားခဲ့သည်။

ကသဲစုကျေးရွာ၌ ရေပိုက်သွယ်တန်းခြင်း ၂လက်မ PVC ပိုက် အရှည်ပေ ၄၀၀၀၊ ယခုဘဏ္ဍာနှစ်တွင် ရက်(၁၀၀) စီမံချက် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၁၇သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဧပြီလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါတွင် လုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်းပြီးစီးဖြစ်၍ ကသဲစုကျေးရွာရှိ ပြည်သူများ သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်နှင်းအိဖြိုးက ပြောသည်။

**အောင်ရဲကျော်**



## စွန့်ပစ်ပစ္စည်းများဖြင့် ဖျာရက်နည်းသင်တန်း ဖွင့်လှစ်

**စဉ့်ကိုင် မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့တို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန်၊ အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်၊ စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်ပြီး စာပေဖတ်ရှုတတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ရည်ရွယ်၍ မြို့နယ်လူထုအခြေပြုဗဟိုဌာန၌ စွန့်ပစ်ပစ္စည်းများဖြင့် ဖျာရက်နည်းသင်တန်းကို မေ ၁၉ ရက် နံနက် ၉ နာရီမှစတင်၍ ဖွင့်လှစ်ပေးခဲ့သည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းဆွေးနွေးရာတွင် လူငယ်မောင်မယ်များအတွက် နွေရာသီကျောင်းပိတ်ရက်များကို တန်ဖိုးရှိစွာ ဖြတ်သန်းစေလိုပါကြောင်း၊ အားလပ်ချိန်များကို အသိပညာ၊ အတတ်ပညာများ ဆည်းပူးလေ့ကျင့်ရန် လိုအပ်ပါကြောင်း၊ မိမိတို့ဌာနအနေဖြင့် နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားလူငယ်များအကျိုးပြုစေမည့် သင်တန်းများ၊ ပြပွဲ၊ ပြိုင်ပွဲများကို လစဉ်ဖွင့်လှစ်ပေးခဲ့ရာ ယခုအခါ စွန့်ပစ်ပစ္စည်းများဖြင့် ဖျာရက်နည်းသင်တန်း ဖွင့်လှစ်လျက်ရှိပြီး နောင်တွင်လည်း ယခုကဲ့သို့ ပြည်သူ့အကျိုးပြုသင်တန်းများကို စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းနည်းပြ ဒေါ်ခင်စန်းက သင်တန်းသား၊ သင်တန်းသူများအား စွန့်ပစ်ပစ္စည်းများဖြင့် ဖျာရက်နည်း အဆင့်ဆင့်ကို လက်တွေ့သင်ကြားပို့ချပေးခဲ့သည်။

အဆိုပါ သင်တန်းကို မေ ၁၉ ရက်မှ မေ ၂၁ ရက်အထိ သုံးရက်ကြာ (အခမဲ့) ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**



## စိုက်ပျိုးရေးသုံးအရောင်းဆိုင်များအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး



**ဟိုပုံး မေ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၌ ရက်(၁၀၀)စီမံချက်ဖြင့် စိုက်ပျိုးရေးသုံးအရောင်းဆိုင်များ၌ အရည်အသွေးနိမ့် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချနေမှု ရှိ၊ မရှိ၊ ကုန်အညွှန်းအမှတ်အသား ဖော်ပြပါဝင်သည့်အချက်အလက်များ ကိုက်ညီမှု ရှိ၊ မရှိကို မေ ၁၉ ရက် နံနက် ၉ နာရီခွဲက တာဝန်ရှိသူများ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးသုံးအရောင်းဆိုင်များတွင် ရောင်းချနေသော လယ်ယာမြေသုံး သွင်းအားစု၊ အရည်အသွေးနိမ့် မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ပြန်လည်ထုပ်ပိုးပြီး အတုများ ပြုလုပ်၍ ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေခြင်းရှိ၊ မရှိ၊ ဈေးနှုန်းမြှင့်တင်ရောင်းချမှု ရှိ၊ မရှိ၊ ဈေးကွက်အတွင်း ရောင်းချနေသော ဓာတ်မြေဩဇာများတွင် ကုန်အညွှန်းအမှတ်အသား ဖော်ပြပါဝင်ခြင်း ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး ဈေးကွက်အတွင်း သက်ဆိုင်ရာဌာနများက တားမြစ်ပိတ်ပင်ထားသော မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ ရောင်းချခြင်းမပြုရန်၊ တရားဝင်မှတ်ပုံတင်ထားသော မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသာ တင်သွင်းရောင်းချရန်၊ တောင်သူများ ဘေးကင်းလုံခြုံမှုရှိစေရန်၊ သုံးစွဲပုံအညွှန်းအား မြန်မာစာဖြင့် တိတိကျကျဖော်ပြထားသော ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသာ ရောင်းချကြရန် လုပ်ငန်းရှင်များအား အသိပညာပေးပြောကြားခဲ့သည်။

ဟိုပုံးမြို့နယ်အတွင်း၌ စိုက်ပျိုးရေးသွင်းအားစုများဖြစ်သော မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများ တရားဝင်မှတ်ပုံတင်ရောင်းချသည့် ဆိုင်ပေါင်း ၂၈ ဆိုင် ရှိကြောင်း သိရသည်။

**(အပေါ်ခဲပုံ)**

**(၃၆၈)**

# ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၉)

စာရေးသူသည် ဓမ္မဗိမာန် ကျမ်းစာအမှတ်(၄)"နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင်"ကို မှတ်စုများ အမှတ်စဉ်တပ် ရေးခဲ့သည်မှာ ယခုအမှတ်စဉ် (၉)ထိ ရောက်ခဲ့ပါပြီ။ စာရေးသူ၏ဆန္ဒမှာ ဗုဒ္ဓဝင်စာအုပ်များ လူတိုင်း လက်ဝယ်မရှိနိုင်သည်မို့ သတင်းစာမှတစ်ဆင့် လွယ်ကူစွာ ကြည်ညို သဒ္ဓါဖြင့် ဖတ်ရှုနိုင်စေရန် ဖြစ်ပါသည်။

ဗုဒ္ဓဝင်ကျမ်းစာကို ဖတ်ရှုခြင်းဖြင့် ဘုရားရှင်အပေါ် ဂါရဝတရား ကြီးမားခြင်း၊ ကြည်ညိုမှုသဒ္ဓါတရားကြီးမားခြင်း၊ သတိတရားကြီးမား ခြင်း၊ ပညာတရားကြီးမားခြင်းနှင့် ဘုရားရှင်၏ ရှေ့တော်မှောက် ရောက်နေရသကဲ့သို့ မှတ်ထင်ရပြီး အခြားကောင်းကျိုးများလည်း ရစေနိုင်ပါသည်။ သုတမှတ်စု(၈)တွင် သုမနဘုရားရှင်အကြောင်းကို ဖော်ပြပြီးခဲ့ရာ ယခုမှတ်စု(၉)တွင် အစဉ်အတိုင်း ရေဝတဗုဒ္ဓဝင် အကျဉ်းကို ဆက်လက်ရေးသားပါမည်။ သာရမဏ္ဍကမ္ဘာတွင် ဘုရား လေးဆူပွင့်ရာ ဒုတိယမြောက်ဘုရားရှင် သုမနဘုရား ပရိနိဗ္ဗာန်ပြု ပြီးနောက် လူတို့သက်တမ်း အနှစ်ကိုးသောင်းမှ ဆယ်နှစ်တမ်းထိ ဆုတ်ယုတ်ခဲ့ပြီး ထိုဆယ်နှစ်တမ်းမှ အသင်္ချေယျတမ်းထိ တိုးခဲ့ပြန် သည်။ ထိုအသင်္ချေယျတမ်းမှ ဆုတ်ယုတ်ခဲ့ပြန်ရာ အသက်တမ်း ခြောက်သောင်းအရောက်တွင် ရေဝတဘုရားရှင် ပွင့်တော်မူခဲ့သည်။

### ရေဝတဘုရားအလောင်း ဖွားမြင်တော်မူခြင်း

ရေဝတဘုရားလောင်း ပါရမီတို့ ဖြည့်ကျင့်ပြီးအဆုံး၌ ဓမ္မတာအရ တုသိတာနတ်ပြည်၌ စံနေစဉ် နတ်ဗြဟ္မာတို့က လောကတွင် ဘုရား ဖြစ်တော်မူရန် အချိန်တန်ပြီဖြစ်ကြောင်း တောင်းပန်ခဲ့ကြသည်။ ၎င်း အရ နတ်သက်ကြွေ၍ လူ့ပြည် သုဓညဝတီနေပြည်တော် ဝိပုလမင်းကြီး ၏ အဂ္ဂမဟေသီ ဝိပုလာမိဖုရားကြီးဝမ်းကြာတိုက်၌ ပဋိသန္ဓေကိန်း အောင်းတော်မူခဲ့သည်။ ဆယ်လလွန်မြောက်သော် စိတ္တကုဋ္ဌတောင်မ ရွှေဟင်္သာမင်း ထွက်တော်မူသကဲ့သို့ ဝမ်းကြာတိုက်မှ သန့်စင်ဖွားမြင် ခဲ့သည်။ ဖွားမြင်စဉ် နိမိတ်ကြီးများ ထင်ခဲ့ပြီး အလောင်းတော်တို့ ဓမ္မတာအတိုင်း အံ့ဩဖွယ်များ ဖြစ်ပေါ်ခဲ့သည်။

### ထီးနန်းစိုးစံတော်မူခြင်း

ရေဝတမင်းသား အရွယ်ရောက်သောအခါ သုဒဿနာမင်းသမီး နှင့် ရွှေလက်ထပ် စိုးစံခဲ့သည်။ ထူးခြားတင့်တယ်သော သုဒဿန ရွှေနန်းဆောင်၊ ရတနဂ္ဃိ ရွှေနန်းဆောင်၊ အာဝေဠ ရွှေနန်းဆောင်တို့၌ မိဖုရားအမှူးရှိသော ရံရွေတော်တို့၏ ခယလုပ်ကျွေးခြင်းကို ခံယူပြီး နှစ်ပေါင်းခြောက်ထောင် နန်းစည်းစိမ်ခံစားခဲ့သည်။ အလောင်းတော်၏ သားတော်မှာ ဝရုဏမင်းသားဖြစ်သည်။

### တောထွက်တော်မူခြင်း

အလောင်းတော် ရေဝတသည် မိဖုရားကြီးမှ ဝရုဏမင်းသားကို ဖွားမြင်စဉ် သူအို၊ သူနာ၊ သူသေ၊ ရဟန်း နိမိတ်ကြီးလေးပါး မြင် တော်မူပြီး နတ်တို့ဆင်ယင်အပ်သော အဝတ်တန်ဆာဖြင့် အာဇာနည် မြင်းကသော ရထားကိုစီးလျက် ဆင်၊ မြင်း၊ ရထား၊ ခြေလျင် စစ်တပ်ကြီးဖြင့် ကြီးကျယ်စွာ တောထွက်တော်မူခဲ့သည်။ ကိုယ်တော် မြတ်သည် အဝတ်တန်ဆာတို့ကို ဘဏ္ဍာစိုးအားပေးအပ်၍ ဆံတော်ကို သံလျက်ဖြင့် ပယ်ဖြတ်ကာ ကောင်းကင်သို့ ပစ်လွှင့်ခဲ့၏။ သိကြားမင်း သည် ဆံတော်တို့ကို ရွှေပန်းတောင်းဖြင့်ခံယူ၍ တာဝတိံသာနတ်ပြည် မြင်းမိုရ်တောင်ထိပ်၌ စေတီတည်ကိုးကွယ်ခဲ့သည်။

အလောင်းတော်သည် ဗြဟ္မာမင်းလှူဒါန်းသည့် ကြာသင်္ကန်းကို ဝတ်ရုံကာ ရဟန်းပြုခဲ့ပြီး အလောင်းတော် တောထွက်ရဟန်းပြုကြောင်း ကြားမြင်သိသည့် တစ်ကုဋေရှိသော တိုင်းပြည်သားတို့ အစုလိုက် ရဟန်းပြုခဲ့ကြသည်။ အလောင်းတော်သည် ထိုရဟန်းတို့နှင့်အတူ ခုနစ်လကြာ ဒုက္ကရစရိယာအကျင့်မြတ်ကို ကျင့်ကြံအားထုတ်ခဲ့သည်။ ကဆုန်လပြည့် ဘုရားဖြစ်အံ့သောနေ့တွင် သာဓုဒေဝီ သူဌေးသမီး လှူဒါန်းသည့် ဃနာနို့ဆွမ်းကို ဘုဉ်းပေးကာ ထိုအရပ် အင်ကြင်းတော၌ နေခိုတော်မူခဲ့သည်။

### ဘုရားဖြစ်တော်မူခြင်း

အင်ကြင်းတောတွင် နေခိုတော်မူပြီး ညချမ်းအချိန်သို့ရောက်သော် ရဟန်းတို့ကို စွန့်ခွာပြီး တစ်ပါးတည်း မဟာဗောဓိပင်ရှိရာအရပ်သို့ ကြွတော်မူသည်။ လမ်းခရီး၌ မထင်မရှား တဏ္ဍတွန်းတစ်ယောက် လှူဒါန်းသည့် မြက်ရှစ်ဆုပ်ကို ခံတော်မူခဲ့၍ မဟာဗောဓိကံ့ကော်ပင် ရင်း ဖြန့်ခင်းလိုက်သည်နှင့် ငါးဆယ့်သုံးတောင် ပမာဏရှိသော အပရာ ဇိတပလ္လင်တော် ပေါ်ပေါက်တော်မူခဲ့သည်။

ထိုပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ စံတော်မူလျက် အင်္ဂါလေး ပါးရှိသော ဝီရိယကိုဆောက်တည် ကမ္မဋ္ဌာန်းတရားအားထုတ်တော်မူပြီး ထိုနေ့နေမဝင်မီ မာရ်စစ်သည်ဗိုလ်ပါတို့ကို အောင်မြင်တော်မူခဲ့သည်။ အလောင်းတော်သည် တစ်ဆက်တည်းပင် ညဦးယံ၌ ပုဗ္ဗေနိဝါသ ဉာဏ်၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ် ရတော်မူခဲ့သည်။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်တရားကို အစုန်အဆန်သုံးသပ်တော်မူရာ နေအရုဏ်တက် သည်နှင့် အရဟတ္တမဂ်ဉာဏ်နှင့်တကွ အာသဝက္ခယဉာဏ်မြတ်ကို ထိုးထွင်းသိမြင်တော်မူပြီး လောကသုံးပါး၌ အတုမရှိဘုရားအဖြစ် ရောက် တော်မူခဲ့သည်။

### ဓမ္မစကြာတရားဦးဟောတော်မူခြင်း

ရေဝတဘုရားရှင်သည် ဘုရားဖြစ်တော်မူပြီး မဟာဗောဓိပင်အနီး မှာပင် သတ္တသတ္တဟ လေးဆယ့်ကိုးရက် အရဟတ္တဖိုလ်ချမ်းသာဖြင့် စံတော်မူခဲ့သည်။ အဋ္ဌမသတ္တဟသို့ ရောက်သောအခါ ဗြဟ္မာမင်း၏ တရားဟောရန် တောင်းပန်မှုကို လက်ခံခဲ့ပြီး တောထွက်စဉ် လိုက်ပါခဲ့ကြ သော တစ်ကုဋေသော ရဟန်းတော်တို့ရှိရာ မဟာဗောဓိပင်မှ တစ်ဆယ့်ရှစ် ယူဇနာအကွာ ဝရုဏဉယျာဉ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူခဲ့သည်။ ရဟန်းတို့သည် ခရီးဦးကြိုဆိုကြလျက် သင့်တင့်သောအရပ်၌ နေထိုင်ကြ ကာ ဘုရားရှင်ကို ဆည်းကပ်ကြသည်။ ထိုအခါ ရေဝတဘုရားရှင်သည် ဘုရားရှင်တိုင်း ဟောကြားမြဲ ဓမ္မစက္ကပဝတ္တနသုတ်ကို ဟောတော်မူခဲ့၏။ တရားဒေသနာအဆုံး၌ တစ်ကုဋေရဟန်းတို့ အရဟတ္တဖိုလ် ဆိုက်ရောက်ခဲ့ ကြကာ အောက်မဂ်ဖိုလ်တည်သော သတ္တဝါအရေအတွက်ကား အပိုင်း အခြားမရှိ များပြားခဲ့၏။

### ဂေါတမဘုရားအလောင်းတော် ဗျာဒိတ်ခံခြင်း

ရေဝတဘုရားရှင်လက်ထက်၌ ဂေါတမဘုရားလောင်းသည် ပုဏ္ဏား အတာတ်၌ အထွတ်အထိပ်ရောက်သော အတိဒေဝပုဏ္ဏားဖြစ်ခဲ့သည်။ထို ပုဏ္ဏားသည် ရေဝတဘုရားရှင်ကို ဖူးတွေ့တရားနာကြားခဲ့ရကာ လွန်စွာ ကြည်ညိုသဖြင့် သရဏဂုံသုံးပါး၌ တည်ခဲ့သည်။ ဂေါတမဘုရားလောင်း ပုဏ္ဏားသည် ဘုရားရှင်၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ဂါထာတစ် ထောင်ဖြင့် ချီးကျူးလျှောက်ဆိုခဲ့သည်။

ပြီးလျှင် အဖိုးကျပ်တစ်ထောင်တန်သော အပေါ်ရုံအဝတ်ကို ဘုရားရှင် အား လှူဒါန်းခဲ့သည်။ ထိုအခါ ရေဝတဘုရားရှင်သည် အတိဒေဝပုဏ္ဏား ကို **"ဤကမ္ဘာနောက် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်အရောက် ဘဒ္ဒကမ္ဘာ၌ ဂေါတမမည်သော ဘုရားစင်စစ်ဖြစ်တော် မူလတ့္"**ဟု ဗျာဒိတ် ပေးတော်မူခဲ့သည်။

### ရေဝတဘုရားရှင်၏ တပည့်သာဝကများ

| | |
|---|---|
| မြတ်သောတပည့် (အဂ္ဂသာဝက)အစုံ | = အရှင်ဝရုဏမထေရ်နှင့် အရှင်ဗြဟ္မဒေဝမထေရ်။ |
| အလုပ်အကျွေးရဟန်း | = အရှင်သမ္ဘဝမထေရ် |
| တပည့်မ (အဂ္ဂသာဝိကာ)အစုံ | = အရှင်မ ဘဒ္ဒါထေရီနှင့် အရှင်မ သုဘဒ္ဒါထေရီ |
| ဗောဓိပင် | = ကံ့ကော်ပင် |
| မြတ်သောအလုပ်အကျွေး ဒါယကာ(အဂ္ဂဥပဋ္ဌက) | = ပဒုမသူဌေးနှင့် ကုဉ္ဇရသူဌေး |
| မြတ်သောအလုပ်အကျွေး ဒါယိကာမ(အဂ္ဂဥပဋ္ဌိကာ) | = သီရိမာနှင့် ယသဝတီ |

ရေဝတဘုရားရှင်၏ အရပ်တော်မှာ အတောင်ရှစ်ဆယ်မြင့်တော်မူပြီး ကိုယ်တော်မှထွက်သော ပကတိရောင်ခြည်တော်သည် နေ့နေ့ညည ပတ်ဝန်းကျင်တစ်ယူဇနာတိုင် ပျံ့နှံ့တော်မူသည်။

### (ဓမ္မာဘိသမယ)တရားပွဲကြီးများ

-ဝရုဏဉယျာဉ်၌ ဓမ္မစက္ကပဝတ္တနသုတ် ဟောကြားတော်မူသော တရားပွဲသည် ရှေးဦး(ဓမ္မာဘိသမယ)တရားပွဲ။

-ဥတ္တရမြို့၌ အရိန္ဒမမင်းသည် ရေဝတဘုရားရှင် ဒေသစာရီကြွ လာခိုက် မင်းကြီးသည် လူပေါင်းသုံးကုဋေခြံရံလျက် ဘုရားရှင်အား ကြိုဆို၏၊ ဘုရားရှင်အား လွန်စွာကြည်ညိုလှ၍ သံဃာတော်များပါ ခုနစ် ရက်တိုင် ကြီးစွာသောအလှူပေးကာ သုံးဂါဝုတ်ကျယ်သော ဆီမီးပူဇော်ပွဲ ဖြင့် ပူဇော်ခဲ့သည်။ ထိုအခါ ဘုရားရှင်က မင်းကြီးအား ဆန်းကျယ်သော တရားဟောကြားခြင်းသည် နှစ်ကြိမ်မြောက်(ဓမ္မာဘိသမယ)တရားပွဲ။

-အခါတစ်ပါး ရေဝတဘုရားရှင်သည် ဥတ္တရနိဂုံးကို အမှီပြု သီတင်းသုံးနေတော်မူစဉ် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စား နေပြီး ထိုသမာပတ်မှအထ လူအပေါင်းတို့မှ လွန်စွာကြည်ညို၍ ဆည်းကပ် လုပ်ကျွေးကြသည်။ ထိုအခါ ဘုရားရှင်က နိရောဓသမာပတ်၏ အကျိုး အာနိသင်ကို ဟောကြားတော်မူခဲ့သည့် တရားပွဲသည် သုံးကြိမ်မြောက် (ဓမ္မာဘိသမယ)တရားပွဲ။

တရားပွဲတိုင်းတွင် ရဟန်းတော်များ အရဟတ္တဖိုလ်ဆိုက်ခြင်းမှသည် နတ်လူအပေါင်း ကုဋေတစ်ရာမှတစ်ထောင်တိုင် သစ္စာသိ ကျွတ်တမ်းဝင် ခဲ့ကြသည်။

### သာဝက(သန္နိပါတ)အစည်းအဝေးကြီးများ

-ရေဝတဘုရားရှင်သည် သုဓညဝတီမြို့၌ ဧဟိဘိက္ခုပြု ရဟန်းပြု တော်မူခဲ့ကြသည့် မရေတွက်နိုင်သော ရဟန္တာအရှင်မြတ်တို့ အလယ်၌ သီတင်းသုံးကာ ဩဝါဒပါတိမောက် ပြတော်မူခဲ့သော အစည်းအဝေးသည် ရှေးဦးစွာသော တပည့်သာဝက(သန္နိပါတ) အစည်းအဝေး။

-မေခလမြို့၌ ဧဟိဘိက္ခု ရဟန်းပြုတော်မူခဲ့ကြသော ရဟန္တာကုဋေ တစ်သိန်းတို့အလယ်၌ ပါတိမောက်ပြတော်မူခဲ့ခြင်းကား ဒုတိယ(သန္နိပါတ) အစည်းအဝေး။

-ပညာအရာ ဧတဒဂ်ရတော်မူသော လက်ယာတော်ရံ အဂ္ဂသာဝက ဝရုဏမထေရ်ကြီးစွာ နာမကျန်းဖြစ်တော်မူရာ သူနာလာမေးခဲ့ကြကုန် သော လူအပေါင်းတို့အား လက္ခဏာရေးသုံးပါး ပိုင်းခြားဖော်ပြ တရားဟောတော်မူရာ ကုဋေတစ်သိန်းသောလူတို့ ဧဟိဘိက္ခုရဟန်း တော်များ ဖြစ်ခဲ့ကြသည့်အပြင် အရဟတ္တဖိုလ်တို့လည်း ဆိုက်ရောက် ခဲ့ကြသည်။ ရေဝတဘုရားရှင်သည် ထိုရဟန်းတို့အလယ်၌ အင်္ဂါလေး ပါးသော သာဝကအစည်းအဝေး၌ ပါတိမောက်ပြတော်မူခဲ့ပြန်ရာ ယင်း သည် သုံးကြိမ်မြောက် သာဝက(သန္နိပါတ)အစည်းအဝေး။

### ပရိနိဗ္ဗာန်စံတော်မူခြင်းနှင့် ဓာတ်တော်များတည်ရှိခြင်း

ရေဝတဘုရားရှင်သည် လူနတ်ဗြဟ္မာသတ္တဝါတို့အား ဆယ်ပါး သော ဉာဏ်တော်အစွမ်းကို မြင်စေတော်မူကာ မီးစာကုန်သဖြင့် ငြိမ်းစဲ သွားသော မီးတောက်မီးလျှံကြီးပမာ ပရိနိဗ္ဗာန်ဝင်စံ ချုပ်ငြိမ်းတော် မူခဲ့သည်။

"ခပ်သိမ်းသော သင်္ခါရတရားတို့သည် တည်မြဲသော အနှစ်သာရ မရှိကုန်၊ အချည်းနှီးသော ဖြစ်ကုန်စွ။"

ရေဝတဘုရားရှင်သည် ပရိနိဗ္ဗာန်ပြုခါနီးတွင် "ငါဘုရား မရှိသည့် နောက် အလုံးစုံသောသတ္တဝါတို့ နတ်ရွာနိဗ္ဗာန်ရောက်ကြစေရန် ငါဘုရား ၏ ဓာတ်တော်တို့သည် တစ်လုံးတစ်ခဲတည်း မတည်ဘဲ အစိတ်စိတ် အမြွာမြွာ ကွဲပြားပျံ့နှံ့စေကုန်သတည်း"ဟု မိန့်ဆိုတော်မူခဲ့ပြီး ကံ့ကော် တောဉယျာဉ်ကြီး၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သည်။ ဓာတ်တော်တို့သည် ဇမ္ဗူဒိပ်ကျွန်းတစ်ခွင်၌ ပျံ့နှံ့တည်ရှိ၍ လူ နတ် ဗြဟ္မာ သတ္တဝါတို့၏ အပူဇော်ကို ခံယူတော်မူခဲ့လေသည်။

### ဂေါတမဘုရားလောင်း ခန္တီပါရမီကို ဖြည့်ကျင့်တော်မူခြင်း

"ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၈)တွင် ဂေါတမဘုရားလောင်း ၏ ဝီရိယပါရမီကို ဖော်ပြပြီးဖြစ်ရာ ယခု ခန္တီပါရမီဖြည့်ကျင့်ခဲ့ပုံတို့ကို ဆက်လက်ရေးသားပါမည်။ ဂေါတမဘုရားလောင်းတော်သည် သမ္မာ သမ္ဗောဓိဉာဏ် ရင့်သန်စေရန် ခန္တီပါရမီကိုလည်း အထွတ်အထိပ်ရောက် အောင် ဖြည့်ကျင့်ခဲ့သည်။ ခန္တီဝါဒီရသေ့ဘဝက ဗာရာဏသီပြည့်ရှင် ကလာဗုမင်းက အမျိုးမျိုးနှိပ်စက်ခဲ့သည်။ သို့သော် အလောင်းတော်သည် ခန္တီဝါဒကို လုံးဝမစွန့်လွှတ်၊ အသက်ကိုသာ အသေခံခဲ့သည်။ကလာဗုမင်း က ပထမ"ရှင်ရသေ့သည် အဘယ်အယူရှိသနည်းဟုမေး၏။ အလောင်း တော်က "ငါရသေ့သည် ခန္တီဝါဒီ-သည်းခံခြင်းအယူရှိ၏"ဟု ဖြေ၏။ ထိုအခါ ကလာဗုမင်းက သူသတ်တို့ကို ရိုက်ပုတ်စေ၏။ နောက် အလောင်းတော်၏ လက်နှစ်ဖက်၊ ခြေနှစ်ဖက်ကို ဖြတ်ပစ်စေခဲ့၏။ အလောင်းတော်သည် သည်းခံခြင်းကို မစွန့်လွှတ်။ နောက်တစ်ဖန် နား၊ နှာခေါင်းတို့ကို ဖြတ်စေပြန်၏။ အလောင်းတော်ကား မတုန်မလှုပ် သည်းခံတော်မူခဲ့၏။ ကလာဗုမင်းသည် "ရှင်ရသေ့... သင်၏ခန္တီတရား ကို သင်သည်ပင် ဦးထိပ်ထား၍ နေပေတော့"ဟု ဆိုလျက် အလောင်း တော်၏ ရင်ဝကို ခြေဖြင့် ကန်၍သွားခဲ့၏။ အလောင်းတော်က "ကလာဗု မင်းသည် ငါ၏ လက်၊ ခြေတို့ကို ဖြတ်၏။ နား၊ နှာခေါင်းတို့ကို ဖြတ် ၏။ ထိုမင်းသည် အသက်ရှည်ပါစေ။ ငါကဲ့သို့သော ပညာရှိတို့သည် အမျက်မထွက်ကြပါ"ဟု ပြောဆို၍ သည်းခံတော်မူ၏။ အလောင်း တော်သည် ထိုနေ့၌ပင် နှိပ်စက်ခံရသည့် ဒဏ်ရာတို့ဖြင့် အသက်ကုန်ခဲ့၏။

အလောင်းတော်သည် သည်းခံခြင်း ခန္တီဥပပါရမီ၊ အသက်ကို စွန့်လွှတ်သည်းခံခြင်း ခန္တီပရမတ္ထပါရမီတော်ကို အထွတ်အထိပ်ရောက် အောင် ဖြည့်ကျင့်ခဲ့သည်။ အလောင်းတော်၏ သမ္မာသမ္ဗောဓိဉာဏ် ရင့် သန်စေရန် ခန္တီပါရမီကို ဖြည့်ကျင့်မှုမှာ ကြားရ၊ မြင်ရသူတို့အဖို့ ကြက်သီး မွေးညင်းထသည်အထိ ကြည်ညိုဖွယ်ရာ အတိပင် ဖြစ်ပါသည်။

စာရေးသူသည် ပါဠိတော်တွင် "ခန္တီ ပရမံ တပေါ တိတိက္ခာ" ဟု မှတ်သားဖူးသည်။ အဓိပ္ပာယ်မှာ တိတိက္ခာ - မိမိကသာ အရာရာဝယ် အသာမစံ အနာခံခြင်းဟူသော၊ ခန္တီ- တောင်တောင်ဤဤ မကြံစည်ဘဲ ခန္တီတရား ကိုယ်မှာထားခြင်းသည်၊ ပရမံ တပေါ- အကျင့်တရား အများအပြားထက် ထူးခြားလွန်တင် အသာဆုံး အကျင့်ဖြစ်ပါပေ၏ဟု ဖြစ်သည်။ ယင်းမှာ ဘုရားရှင် အသီးသီးတို့ ဩဝါဒပါတိမောက်ပြသည့် ရဟန်းတို့ကို ဆုံးမသည့် ဂါထာအစပိုဒ်မှ ဖြစ်ပါသည်။ ထို့ပြင် "သန္တုဋ္ဌိ ပရမံ ဓနံ"ဟုလည်း ပါဠိတော်၌ လာရှိရာ "သည်းခံခြင်းသည် အမြတ် ဆုံး ဥစ္စာ"ဟု ဆိုခြင်းပင်။ မင်္ဂလသုတ်တော် အပိုဒ်(၁၂)တွင်လည်း "ခန္တီစ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ၊ ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ" "သည်းခံတတ်ခြင်း၊ သူတော်ကောင်းတို့က ဆုံးမ သည့် စကားကို နာယူလွယ်ခြင်း၊ သူတော်ကောင်းရဟန်း၊ ပုဏ္ဏားတို့အား ဖူးမြော်ရခြင်း၊ အခါအခွင့်သင့်တိုင်း တရားဆွေးနွေး မေးမြန်းခြင်း၊ ဤတရားလေးပါးသည် မြတ်သောမင်္ဂလာ"ဟူ၍ ပါရှိပါသည်။ဘုရားရှင် တို့၏ အဆုံးအမတို့သည်ကား လူသားတို့အတွက် လောကီ၊ လောကုတ္တရာ၊ သံသရာ အကျိုးများချည်း ဖြစ်လေသည်။ စာရေးသူအနေဖြင့် သုတ မှတ်စု (၁၀)တွင် သောဘိတဘုရားရှင်၏ ဗုဒ္ဓဝင်ကို ဆက်လက်ဖော်ပြ သွားပါမည်။

**ကျမ်းကိုး ။** ။ နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်(ဓမ္မဗိမာန်ကျမ်းစာ အမှတ်-၄)

**ရေချမ်း-မန်း**

## လယ်ယာသုံးစက်ကိရိယာ ချေးငွေအစီအစဉ်သစ်နှင့် စိုက်ပျိုးရေးအထောက်အကူပြုဆွေးနွေးပွဲ ကျင်းပ



**မကွေး မေ ၂၂**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(MADB)နှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်း၍ ရက်(၁၀၀) စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သည့် လယ်ယာသုံးစက်ကိရိယာ ချေးငွေ အစီအစဉ်သစ်နှင့် စိုက်ပျိုးရေး အထောက်အကူပြု ဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးယဉ်ထွန်းက ရက်(၁၀၀)စီမံကိန်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်ကောင်းများ(GAP)ဖြင့် စနစ်တကျ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများက လယ်ယာသုံးစက်ကိရိယာ ချေးငွေအစီအစဉ်သစ်၏ အကျိုးကျေးဇူးများနှင့် ချေးငွေလျှောက်ထားရာတွင် လိုအပ်သည့် စာရွက်စာတမ်းများ၊ ရရှိနိုင်မည့် စက်ကိရိယာများကို အသေးစိတ်ရှင်းလင်းပြောကြားပြီး မြေစာရင်းဦးစီးဌာန မကွေးခရိုင်ဦးစီးမှူးက ၂၀၁၂ ခုနှစ် လယ်ယာမြေ ဥပဒေသိကောင်းစရာများကို အသိပညာပေးဆွေးနွေးခဲ့ကြပြီး အဆိုပါ ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ စုစုပေါင်း ၃၀၂ ဦး တက်ရောက်ခဲ့သည်။

အဆိုပါ လယ်ယာသုံးစက်ကိရိယာ ချေးငွေအစီအစဉ်သစ်သည် တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် စက်မှုလယ်ယာစနစ် ပိုမိုတိုးတက်လာစေရန်နှင့် ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် အထောက်အကူပြုမည်ဖြစ်ရာ အခမ်းအနားအတွင်း တောင်သူ ၅၁ ဦးက ချေးငွေအစီအစဉ်ကို စိတ်ဝင်စား၍ လျှောက်လွှာ ချက်ချင်း ဖြည့်သွင်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**မောင်နိုင်မင်း(ပြန်/ဆက်)**

## မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ဆေးပညာသင်ကြားရေးအလုပ်ရုံဆွေးနွေးပွဲ(၂၀၂၆) ကျင်းပ

**မန္တလေး မေ ၂၂**

မန္တလေး၊ အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၊ ဧကရာဇ်ခန်းမတွင် မေ ၂၁ ရက် နံနက်ပိုင်းက ဆေးပညာသင်ကြားရေးယူနစ်(MEU)မှ ကြီးမှူးကျင်းပသော ဆေးပညာသင်ကြားရေးဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲ ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းရင်းဆေးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းဇော်လင်းက အဖွင့်အမှာစကား ပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ မန္တလေးမြို့ရှိ ဆေးနှင့် ဆေးနီးနွယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(သင်ကြား)၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဂုဏ်ထူးဆောင် ပါမောက္ခများ၊ ကထိက၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

ရက်(၁၀၀)စီမံချက်ပါအတိုင်း ပထမဦးဆုံး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော အလုပ်ရုံ ဆွေးနွေးပွဲအား မေ ၂၁ ရက်မှ ၂၂ ရက်အထိ ကျင်းပရာ သင်တန်းသား၊ သင်တန်းသူများအဖြစ် တိုင်းရင်းဆေးတက္ကသိုလ်၊ ခုတင်(၁၀၀)ဆံ့ သင်ကြားရေး တိုင်းရင်းဆေးရုံကြီး(မန္တလေး)၊ နေပြည်တော်၊ ရန်ကုန်မြို့များမှ ဆရာ၊ ဆရာမ ၃၀ ဦး တက်ရောက်ကြပြီး သင်တန်းနည်းပြဆရာကြီး၊ ဆရာမကြီး ရှစ်ဦးတို့က ဆေးပညာသင်ကြားရေးနှင့် ပတ်သက်သည့် ခေါင်းစဉ်(၁၀)ခုတို့ကို သင်ကြားခဲ့ကြောင်း သိရသည်။

(အောက်ဝဲပုံ)

(ဝ၇ဝ)

*-*-*-*-*



### တစ်ချက်တည်း ကျင်းဝင်

**မန္တလေး မေ ၂၂**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဖွံ့ဖြိုးသစ်ကုမ္ပဏီ ရေတံခွန်တောင်ဂေါက်ကွင်းတွင် မေ ၂၁ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က ဦးအောင်ဝင်းသည် အတူကစားဖော်များဖြစ်ကြသော ဦးတွတ်ပီ၊ DT နိုင်ဦး၊ ဦးဘိုဘို၊ ဦးမျိုးသန့်ဇော်(ခ)ဂျာကြီးတို့နှင့်အတူ ဂေါက်ရိုက်ကစားရာ ကိုက် ၂၀၀ ကွာဝေးသော ကျင်းအမှတ်(၈)၌ Titleist-77 ဂေါက်သီးအား HONMA WOOD-3 ဂေါက်တံဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားသဖြင့် ဦးအောင်ဝင်းအား ဝမ်းသာမြန်မာကုမ္ပဏီမှ Cash Coupon ဆုငွေကျပ်ဆယ်သိန်းနှင့် Myanmar Casual Wear ကုမ္ပဏီမှ လက်ဆောင်ဆုတို့ကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(ကဆ)







နွားထိုးကြီးမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် 'ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ECCD' မြို့နယ်အဆင့်သင်တန်းကို ဖွင့်လှစ်ပို့ချလျက်ရှိရာ သင်တန်းသား ၆၄ ဦး တက်ရောက်ကြပြီး သင်တန်းမှူး ဦးရဲအောင်က သင်တန်းပို့ချပေးစဉ်။ တင့်လွင်ဦး

ဖတ်စရာ၊ မှတ်စရာ စုံလင်

### စာပလွေခင်း

* စာပလွေခင်း
နယုန်တွင်းမှာ
ကျင်းပပါသည်
ရှေးမီဘိုး၊ ဘွား
ပြောသည်များ
မှတ်သားမျှစေသည် ။

* ပလွေဆိုတာ
ပိုက်လုံးပမာ
ရှည်တာတစ်ဆယ်
လက်မငယ်မျှ
ရှိသည်ပ ။

* စာပေရေးထား
ပေရွက်များအား
လိပ်ထားပလွေ
ပုံသို့နယ် ။

* မင်းသားမင်းသွေး
သူဌေးသူကြွယ်
ခေနထယ်သား
တရားပေရွယ်
ဝယ်လျက်လိပ်ကာ
ပလွေသဏ္ဍာန်
ကြိုးစည်းကြပြန်သည် ။

* ပုဂ္ဂိုလ်များစွာ
စာများစွာပေါင်း
ဘုန်းတော်ကျောင်းသို့
မိတ်ကောင်းဆွေပါ
ဖိတ်ကာလှူရင်း
ခင်းကျင်းစမြဲ
စာပလွေပွဲ နွဲတော့သည် ။

* ဘုန်းတော်ဘုရား
တရားအလှူ
ခံယူသီလ
ဆောက်တည်ကြကာ
ကျေးကာ၊ မွေးကာ
မေတ္တာမျှဝေ
သာဓုခေါ်စေသည် ။

* ဤတွင်ဆိုစေ
စာပလွေခင်း
စီရင်ခြင်းကား
တရားစာပေ
လှူပွဲပေတည့်
လှူပွဲတည်း ။ ။

**ခင်မောင်(ငါန်းဇွန်)**

# မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးရုံး၌ မှိုမွေးမြူရေးဆိုင်ရာ (Training for Trainer) ပညာပေးသင်တန်း ဖွင့်လှစ်



**မန္တလေး မေ ၂၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်ရှိ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးရုံး၌ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ခုဖြစ်သော ကျေးလက်ဒေသများတွင် နိုင်ငံ့စီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရန် ရည်ရွယ်၍ မှိုမွေးမြူရေး ဆိုင်ရာ (Training for Trainer) ပညာပေးသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက စတင်ဖွင့်လှစ်သင်ကြားခဲ့သည်။

နိုင်ငံတော်၏ရည်မှန်းချက်များတွင် ပါဝင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စီမံကိန်းလုပ်ငန်းစဉ်များတွင် အထောက်အကူပြုစေရန်၊ မြေနေရာကျဉ်းကျဉ်းတွင် သင့်တင့်သော အရင်းအနှီးဖြင့် လုပ်ကိုင်၍ အချိန်တိုအတွင်း အကျိုးအမြတ်ရရှိစေသော စနစ်တကျ စိုက်ပျိုးရေးနည်းများကို ပြည်သူများသိရှိစေရန်၊ မသန်စွမ်းသူများပါ ပါဝင်ဆောင်ရွက်စိုက်ပျိုးနိုင်သည့် လုပ်ငန်းဖြစ်သည့်အတွက် လူ့စွမ်းအားအရင်းအမြစ်ကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ မှိုသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခွဲ(ပြင်ဦးလွင်)မှ သင်တန်းနည်းပြဆရာ၊ ဆရာမများက မှိုရှင်သန်ကြီးထွားရန် လွှမ်းမိုးသောအချက်များမှ ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ အာဟာရပိုင်းဆိုင်ရာ လိုအပ်ချက်များ၊ မှိုမွေးမြူစိုက်ပျိုးထုတ်လုပ်ပုံအဆင့်ဆင့်မှ မှိုမျိုးရယူမွေးမြူခြင်း၊ စိုက်ထုပ်ပြုလုပ်မွေးမြူခြင်း၊ ဖွင့်ဖောက်စိုက်ပျိုးခြင်း၊ စိုက်ခန်းတွင် သိရှိနားလည်ထားရမည့် အခြေခံအချက်များနှင့် စိုက်ခန်းတွင်း ကျရောက်ဖျက်ဆီးသော ရောဂါပိုးမွှားများနှင့် ကာကွယ်နှိမ်နင်းနည်း စသည်တို့ကို အသေးစိတ်စာတွေ့၊ လက်တွေ့သင်ကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-ဈ)



မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၇၀နှင့် ၇၁လမ်းကြား၊ ၂၉လမ်းရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)၌ မေ ၂၁ ရက် နံနက်ပိုင်းက ပင်စင်လစာထုတ်ယူနေကြသော အငြိမ်းစားဝန်ထမ်းများအား ရန်ကုန်မြို့နေ ပေးမိမှ တာဝန်ရှိသူများက ငါးထုပ်ပါ ဝါးလား သက်သတ်လွတ်ဆီချက်ခေါက်ဆွဲထုပ်များအား ပေးအပ်လှူဒါန်းကြရာ ခရိုင်မန်နေဂျာ၊ ပင်စင်ဌာနမှုလက်ထောက်မန်နေဂျာနှင့် ဘဏ်ဝန်ထမ်းများကကူညီဆောင်ရွက်ပေးကြစဉ်။ (ဝ၅၃)





# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ဇွန်လမှ စတင်၍ စက်တင်ဘာလအထိ စိုက်ပျိုးသွားမည်ဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စပါး ၇၀၀၃၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ မြို့နယ်အတွင်းရှိ မိုးစပါးစိုက်ပျိုးတောင်သူတွေကို အချိန်မီ စိုက်ပျိုးနိုင်ဖို့ မိုးစပါးအတွက် စိုက်ပျိုးရေကို ယခုနှစ် ဇွန် ၁၅ ရက်မှာ မဲဇလီရေလှောင်ဆည်မှ ဆည်ရေများကို စနစ်တကျ ဖြန့်ဝေပေးသွားမှာ ဖြစ်ပါတယ်။ စပါးစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး စိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့နဲ့ အထွက်နှုန်းတွေ ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ စိုက်ပျိုးရေး အသိပညာပေးတာတွေ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စပါးစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေး၊ မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် ပိုးမွှားရောဂါကင်းရှင်းရေးတို့အတွက် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

**လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။**

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**တောင်တွင်းကြီး မေ ၂၂**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၌ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းစိုးက ငလျင်အကြောင်းသိကောင်းစရာများ၊ ငလျင်တစ်ခုအတွက် ကြိုတင်ပြင်ဆင်ပုံ၊ ငလျင်လှုပ်နေချိန်မှာဘာလုပ်ရမလဲ၊ ငလျင်လှုပ်ပြီးနောက် ဘာလုပ်ရမလဲ၊ ငလျင်လှုပ်ပြီးနောက် ကလေးတွေကို စိတ်သက်သာအောင် ဘယ်လိုလုပ်ပေးရမလဲစသည့်အကြောင်းအရာများကို အကျယ်တဝင့် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

ဦးမျိုး(ဗိသနိုးမြေ)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



# ငလျင်ကြောင့် ပျက်စီးခဲ့သည့် စာသင်ဆောင်အတွက် ယာယီစာသင်ဆောင်များ အဆင်သင့်ပြင်ဆင်ပေးထား

**မန္တလေး မေ ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စာသင်ကျောင်းဆောင်အား ဖြိုချပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သင်ကြားနိုင်ရေးအတွက် ယာယီစာသင်တဲများကို စီစဉ်ဆောင်ရွက်ပေးထားသည်။

ထိုသို့ ယာယီစာသင်ဆောင်များ ပြင်ဆင်ပေးထားသည့်အပြင် ကျောင်းတွင်း ရေသုံးစွဲမှုနှင့် ရေတင်ရန် အခက်အခဲရှိနေမှုကို ဖြေရှင်းပေးနိုင်ရေးအတွက် ယမန်နေ့ နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ဦး၊ ရာအိမ်မှူးများနှင့် ဆယ်အိမ်မှူးများက ကျောင်းအတွက် လိုအပ်လျက်ရှိသော ရေမော်တာတစ်လုံးကို ကျောင်းအုပ်ဆရာကြီးထံ သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-ဈ)

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်

**တံတားဦး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့်ကျန်းမာရေးဦးစီးဌာနတို့ပူးပေါင်း၍ ရက် (၁၀၀) စီမံချက်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်ခြင်းကို မေ ၂၁ ရက် နံနက်ပိုင်းက တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်းရှိ ယာယီမြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုက အမှာစကားပြောကြားပြီး တံတားဦးခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်ဦးက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို အကျယ်တဝင့်ရှင်းလင်းပြောကြားပြီး ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်ခြင်းကို ဆောင်ရွက်ပေးကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ရဲတင့်(ပြန်/ဆက်)

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ



❖ နိုင်ငံတော် ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် မေ ၂၂

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မိုးဖြဲဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ကယား ပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

စာမျက်နှာ ၅ သို့ ★

## အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့ ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် (၂၀၂၆ ခုနှစ်၊ မေလ ၂၈ ရက်) ကြာသပတေးနေ့သည် "အီဒုလ်အဿွဟာ(ကုရ်ဘာနီအီးဒ်)နေ့" ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေ ပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/ ၂၀၂၆ ဖြင့် ကြေညာထားပါသည်။

## ယနေ့ ဖတ်စရာအညွှန်း


၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဆော်ဒီပရိုလိဂ် ချန် ပီယံဆုကို အယ်လ်နာဆာအသင်း ဆွတ်ခူး

စာမျက်နှာ ၁၁

ဗုဒ္ဓဘာသာဆိုင်ရာ ကြည်ညိုမှတ်သားဖွယ် သုတမှတ်စု(၉) (ဆောင်းပါး)

စာမျက်နှာ ၁၄

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တွင် ဆေးပညာသင်ကြားရေးအလုပ်ရုံ ဆွေးနွေးပွဲ(၂၀၂၆)ကျင်းပ

စာမျက်နှာ ၁၅


## ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက် ပွဲစဉ်တွင် မြန်မာအသင်း ကွာတားဖိုင်နယ်မှထွက်ခဲ့ရ

ရန်ကုန် မေ ၂၂

၂၀၂၆ ကမ္ဘာ့ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သုံးယောက်တွဲအသင်းလိုက်ပွဲစဉ် ကွာတားဖိုင်နယ် ပွဲစဉ်များကို မေ ၂၂ ရက်က မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ကျင်းပရာ မြန်မာအသင်းသည် ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရသည်။

မြန်မာအသင်းသည် အုပ်စုအဆင့်ပွဲစဉ်များတွင် အိန္ဒိယအသင်းကို နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲတွင် အိမ်ရှင်မလေးရှားအသင်းကို သုံးပွဲပြတ်ဖြင့် အရေးနိမ့်သဖြင့် အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ရောက်ခဲ့သည်။ ကွာတားဖိုင်နယ်တွင်

စာမျက်နှာ ၅ သို့ ❖




မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။



## မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ နွေရာသီ အခြေခံဘောလုံးသင်တန်း (ဒုတိယအသုတ်) သင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး မေ ၂၂

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပသည့် နွေရာသီ အခြေခံဘောလုံးသင်တန်း (MFF Summer Football Skills Course 2026) (ဒုတိယအသုတ်) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြန်မာဘောလုံးအကယ်ဒမီ(မန္တလေး)၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မောင်မယ်များ နွေရာသီကျောင်းပိတ်ရက်ကို အကျိုးရှိစွာ အသုံးချနိုင်စေရန်နှင့် မျိုးဆက်သစ်ဘောလုံးအားကစားသမားကောင်းများ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ အခြေခံဘောလုံးသင်တန်းများကို နှစ်စဉ် အခမဲ့ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

ယခုနှစ်တွင်လည်း ရန်ကုန်မြို့၌ ဖူဆယ်အပါအဝင် သင်တန်းသား ၇၀၀ ဦး၊ မန္တလေးမြို့၌ သင်တန်းသား ၄၀၀ ဦး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့များ၌ သင်တန်းသား ၂၀၀ ဦးစီဖြင့် အသီးသီး အခမဲ့ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(NGB)**